# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ဒုတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ ကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူ ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအရ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များက ထုတ်ပြန်ထားသော ဒေသန္တရစည်းကမ်းချက်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် သဘောထားကွဲလွဲဆန့်ကျင်မှုများကို ပယ်ဖျက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | သိမ်းဆည်းခံထားသည့်မြေယာများအပေါ် ပုံစံမမှန်ချထားပေးသော ဂရန်မြေများကို ပြန်လည်စိစစ်၍ မမှန်မကန်ထားပေးပါက ဂရန်များကို ပြန်လည်ရုပ်သိမ်းပြီး မူလတောင်သူများထံသို့ ပြန်လည်ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | စစ်ကိုင်းမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ယူနိုင်ရန် ကျောက်တာကျေးရွာအနီးတွင် အဆင်သင့်ရှိနေသော မြေဧရိယာ ၁၄ ဧက ကျော်ခန့်ပေါ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ မြို့နယ်ပညာရေးမှူးရုံး အဆောက်အဦသည် ဟောင်းနွမ်းပြီး အန္တရာယ်ရှိ ရုံးအဆောက်အဦအဖြစ် တည်ရှိနေသောကြောင့် အဆောက်အဦသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၁ |

၁၀ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ကျောင်းဆောက်သစ် လိုအပ်ချက်များ ဖြည့်ဆည်းရာတွင် အမှန်တကယ်လိုအပ်သော ကျောင်းများကို ဦးစားပေးဖြည့်ဆည်းပေးနိုင်ရေးအတွက် မူဝါဒပြုပြင် ပြောင်းလဲပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၃

၁၁ တောင်တွင်းကြီးမြို့ပေါ်ရှိ ရွှေအိုး(၂)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းဝိုင်းမြေကျဉ်းမြောင်းခြင်းနှင့် အဆောက်အအုံများသက်တမ်းရင့်အိုမင်းနေခြင်းတို့ကြောင့် လေးထပ်ကျောင်းဆောင်တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၂၉

၁၂ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အစိုးရအခြေခံပညာကျောင်းများတွင် တိုင်းရင်းသားလူမျိုးများအလိုက် တိုင်းရင်းသားဘာသာစာပေ ကျောင်းသုံးသင်ရိုးပုံနှိပ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေပေးရန်နှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်လာပါက မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း ၃၂

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၃၈

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## (၅-၁၁-၂၀၁၉) (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးအေးကြူ ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအရ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များက ထုတ်ပြန်ထားသော ဒေသန္တရစည်းကမ်းချက်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် သဘောထားကွဲလွဲဆန့်ကျင်မှု များကို ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်စိုးလင်း၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ်၏ **သိမ်းဆည်းခံထားရသည့် မြေယာများအပေါ် ပုံစံမမှန်ချထားပေးသော ဂရန်မြေများကို ပြန်လည် စိစစ်၍ မမှန်မကန်ချထားပေးပါက ဂရန်များကို ပြန်လည်ရုပ်သိမ်းပြီး မူလ တောင်သူများထံသို့ ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၏ **စစ်ကိုင်းမြို့နယ်အတွင်းရှိ လူငယ်၊ လူရွယ်များ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ယူ နိုင်ရန် ကျောက်တာကျေးရွာအနီးတွင် အဆင်သင့်ရှိနေသော မြေရေယာ (၁၄)ကေကျော်ခန့်ပေါ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း တစ်ကျောင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) ရှိ မြို့နယ်ပညာရေးမှူးရုံး အဆောက်အဦသည် ဟောင်းနွမ်းပြီး အန္တရာယ်ရှိ ရုံးအဆောက်အဦအဖြစ် တည်ရှိနေသောကြောင့် အဆောက်အဦသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၏ **ပညာရေးဝန်ကြီးဌာန အခြေခံ ပညာဦးစီးဌာနအနေဖြင့် ကျောင်းဆောင်သစ် လိုအပ်ချက်များ ဖြည့်ဆည်း ရာတွင် အမှန်တကယ် လိုအပ်သော ကျောင်းများကို ဦးစားပေးဖြည့်ဆည်း ပေးနိုင်ရေးအတွက် မူဝါဒပြုပြင်ပြောင်းလဲပြီး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **တောင်တွင်းကြီးမြို့ပေါ်ရှိ ရွှေအိုး (၂) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းဝိုင်းမြေ ကျဉ်းမြောင်းခြင်းနှင့် အဆောက်အဦများ သက်တမ်းရင့်အိုမင်းနေခြင်း တို့ကြောင့် လေးထပ်ကျောင်းဆောင်တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတစ်ဝန်းရှိ အစိုးရ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားလူမျိုးများအလိုက် တိုင်းရင်းသား ဘာသာစာပေ ကျောင်းသုံးသင်ရိုးပုံနှိပ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေပေးရန် နှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်လာပါက မည်ကဲ့သို့ဆောင်ရွက်ပေး မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"အမျိုးသား မှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

ဒုတိယနေ့မှတ်တမ်း

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

(အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀၀၀။

အခမ်းအနားမှူး။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

ဥက္ကဋ္ဌ။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။

ကိုယ်စားလှယ်များ။ ။ မင်္ဂလာပါ။

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦးရှိသည့်အနက် ၃၇၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၅၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၂ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၄ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၃ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့–

(၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး ခွင့် ၄ ရက်၊

(၂) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊

(၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၄) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၂ ရက်၊

(၅) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၆) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊

(၇) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၁၄ ရက်၊

(၈) ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ခွင့် ၁ ရက်၊

(၉) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၂ ရက်၊

(၁၀) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၁) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၁၂) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ခွင့် ၁ ရက်နှင့်

(၁၃) ပုဗ္ဗန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၉ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၄၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူ ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဝမ်းနည်းကြောင်းအဆို တင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူသည် ၂၀-၉-၂၀၁၉ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းအတွက် ကိုယ်စားလှယ်တစ်ဦးက ဝမ်းနည်းကြောင်း အဆိုတင်သွင်းလိုကြောင်း လွှတ်တော်သို့တင်ပြထားပါတယ်။ ဒ့ါကြောင့် လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း ဖြစ်ပါတယ်။ ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးကြူ ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် လွှတ်တော်ကြီးသို့ ဝမ်းနည်းကြောင်းအဆို တင်သွင်းသွားမှာဖြစ်ပါတယ်။ ဒေါက်တာအေးကြူဟာ လပွတ္တာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ကာ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ၂၀-၉-၂၀၁၉ ရက်နေ့မှာ ကွယ်လွန်အနိစ္စ ရောက်သွားပြီဖြစ်သည့်အတွက် ဒေါက်တာအေးကြူအတွက် ဝမ်းနည်းကြောင်းအဆိုအား လွှတ်တော်ကြီးသို့ လေးစားစွာဖြင့် တင်သွင်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူ ကွယ်လွန်ခဲ့တဲ့အတွက် ကိုယ်စားလှယ်များအားလုံး မတ်တပ်ရပ်၍ တစ်မိနစ်ခန့်ငြိမ်သက်ပြီး ဝမ်းနည်းကြောင်းအထိမ်းအမှတ် ပြုလုပ်မှာဖြစ်ပါတယ်။ ကိုယ်စားလှယ်အားလုံး မတ်တပ်ရပ်ဖို့မေတ္တာရပ်ခံပါတယ်။ အားလုံး တစ်မိနစ်ငြိမ်။

ဥက္ကဋ္ဌ။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူ ကွယ်လွန်ခဲ့တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ တစ်ရက်စာနေ့တွက်စရိတ်ဖြစ်သော ငွေကျပ် ၈၆၄၀၀၀၀ ကို ကျန်ရစ်သူမိသားစုထံ ပေးပို့သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူ ကွယ်လွန်အနိစ္စ

ရောက်ခြင်းအတွက် ဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေအရ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များက ထုတ်ပြန်ထားသော ဒေသန္တရစည်းကမ်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် သဘောထားကွဲလွဲဆန့်ကျင်မှုများကို ပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)။ ။ဥက္ကဋ္ဌကြီးနှင့်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ Power Point သုံးစွဲခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အတွင်းမှာ ပြည်သူများက မိမိတို့ရဲ့ဆန္ဒသဘောထားတွေကို စနစ်တကျဖော်ထုတ်နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၈)ဖြင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဒီဥပဒေရဲ့ရည်ရွယ်ချက်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများရဲ့မူလအခွင့်အရေးဖြစ်တဲ့ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ကို သုံးစွဲဆောင်ရွက်ခွင့်ရှိစေရန်နှင့် ယင်းတို့ကို ဥပဒေအရ ကာကွယ်ပေးရန်ဖြစ်ပြီး ဥပဒေမှာ ငြိမ်းစုစီပြုလုပ်လိုသူများက အသိပေးတင်ပြရမယ့်အချက်ခြောက်ချက်ကို သက်ဆိုင်ရာမြို့နယ်၊ ဖြတ်သန်းလိုတဲ့မြို့နယ်များမှာ ရှိတဲ့မြို့နယ်ရဲတပ်ဖွဲ့မှူးများထံကို ၄၈ နာရီ ကြိုတင်အသိပေးလုပ်ဆောင်ရန် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ယခုလို မိမိတို့ရဲ့ဆန္ဒကို ဒီမိုကရေစီနှင့်အညီ ဥပဒေပြဋ္ဌာန်းလုပ်ဆောင်ခွင့်ပေးထားပါပေမဲ့ အကြောင်းအမျိုးမျိုးနဲ့ပိတ်ပင်တားဆီးမှုတွေ ကြုံနေရတဲ့အတွက် ပြည်သူများကိုယ်စား မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းစုစီလုပ်မယ့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများဟာ ဥပဒေအရ အသိပေးတင်ပြရမယ့်အချက်ခြောက်ချက်မှာ ဒေသန္တရလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားတဲ့စည်းကမ်းချက်များနှင့်စပ်လျဉ်းပြီးတော့ ညှိနှိုင်းသဘောတူညီချက်ပါရှိရမယ်လို့ ပါပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ၊ မြို့နယ်အသီးသီးမှာ ငြိမ်းစုစီပြုလုပ်ဖို့အတွက် ကြိုတင်

ညှိနှိုင်းသဘောတူညီချက်ရယူရန် သက်ဆိုင်ရာကသတ်မှတ်ထားတဲ့အချက်တွေဟာ အနည်းဆုံး ၁၃ ချက်ကနေ အများဆုံး ၆၆ ချက်ထိရှိကြောင်း တွေ့ရပါတယ်။ ယခုလိုကြိုတင်သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေထဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ငြိမ်းစုစီဥပဒေ၊ တည်ဆဲဥပဒေများနှင့်ညီညွတ်မှု မရှိ ဆန့်ကျင်ကွဲလွဲတဲ့အချက်များပါရှိနေတာတွေ့ရပါတယ်။ ဒီထဲကအရေးကြီးတဲ့အချက်များကို ကျွန်တော် ထုတ်နုတ်တင်ပြပါမယ်။ ပထမဆုံးအချက်ကတော့ စုဝေးဟောပြောတဲ့အခါ စင်မြင့် မသုံးရဘူး မြေပြင်မှာဟောပြောရမယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆန္ဒဖော်ထုတ်ပွဲဟာ လူထုဟာထောင်ကျော်ထိရှိလာတာဖြစ်လို့ ဒီလူစုလူဝေးကို မြေပြင်ကနေဟောပြောရမယ်ဆိုတဲ့သတ်မှတ်ချက်ဟာ သင့်တော်ပါရဲ့လား စဉ်းစား သင့်ပါတယ်။ ဒါဟာ ဟောပြောမှုမထိရောက်အောင် ဟန့်တားချုပ်ခြယ်သလိုဖြစ်စေပါတယ်။ နောက်တစ်ချက်က ရုံးတက်ရုံးဆင်း၊ အလုပ်သွားအလုပ်ပြန်ချိန်မလုပ်ရ။ နေ့ကြီးရက်ကြီး (ပြန်တမ်းဝင်ရုံးပိတ်ရက်)လည်းမလုပ်ရလို့ ကန့်သတ်ထားတဲ့အတွက် ဆန္ဒဖော်ထုတ်ရမယ့်နေ့ရက်၊ အချိန်၊ နာရီ မရှိသလောက်ဖြစ်နေတာတွေ့ရပါတယ်။ ဒ့ါအပြင် ယာဉ်သွားလာမှုပိတ်ဆို့ခြင်းမဖြစ် အောင် ငြိမ်းစုစီပြုလုပ်သူက တာဝန်ယူဆောင်ရွက်ရမယ်လို့လည်း သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ပြည်သူဆိုတာ ပိုက်ဆံပေးငှားရတဲ့အငှားယာဉ်တောင် ကိုယ်လက်တားတိုင်းရပ်တာမဟုတ်လို့ ယာဉ် သွားလာမှုကိုထိန်းပေးဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ ဒါဟာ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့်သာ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ငြိမ်းစုစီပြုလုပ်ရာမှာ ရန်းရင်းဆန်ခတ်မှုအသွင်မဖြစ်စေရေး၊ မသက်ဆိုင်သူများဝင်ရောက်မှုမရှိစေရေး၊ တင်ပြထားသူမှ တာဝန်ယူဆောင်ရွက်ရမယ်လို့ ဆိုပါ တယ်။ ဒီအချက်ဟာ ငြိမ်းစုစီဥပဒေအခန်း(၆) ပုဒ်မ ၁၃ နှင့်ဆန့်ကျင်ကွဲလွဲနေပါတယ်။ ဘေးအန္တရာယ်မဖြစ်အောင် ရဲတပ်ဖွဲ့ကကာကွယ်စောင့်ရှောက်ရမယ်လို့ ဥပဒေမှာပြဋ္ဌာန်းထားပါ တယ်။ ဒ့ါအပြင် ကြိုတင်သတ်မှတ်ထားတဲ့စည်းကမ်းချက်များအနက် မြို့နယ်တိုင်းပါဝင်နေတဲ့ အဓိကနှစ်ချက်ရှိပါတယ်။ တစ်ချက်ကတော့ ငြိမ်းစုစီပြုလုပ်ခွင့်ကို အခြားပြည်နယ်/တိုင်းဒေသကြီး မှာဖြစ်ခဲ့တဲ့ဖြစ်စဉ်များအပေါ်မှာ ငြိမ်းစုစီလုပ်ခွင့်မပြုဆိုတဲ့အချက်ဖြစ်ပြီးတော့ နောက်တစ်ချက် ကတော့ ဟောပြောမယ့်သူတွေဟာ သက်ဆိုင်ရာမြို့နယ်/ခရိုင်အတွင်းက မှတ်ပုံတင်ရှိသူသာ ဆောင်ရွက်ခွင့်ပြုမယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒီသတ်မှတ်ချက်များဟာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကပေးအပ်ထားတဲ့နိုင်ငံသားများရဲ့အခွင့်အရေးကို ပိတ်ပင်တားဆီးသလိုဖြစ်နေပါ တယ်။ ကျွန်တော်ဆိုရင် နိုင်ငံသားစိစစ်ရေးကတ်လဲချိန်မှာ ရှေ့တန်းစစ်ဆင်ရေးမှာဖြစ်တဲ့အတွက် ကျွန်တော့်နိုင်ကဒ်ဟာ ရှမ်းပြည်နယ်၊ လဲချားမှာလုပ်ရပါတယ်။ ၁၃/လခန(နိုင်)ဖြစ်ပါတယ်။

ဒီညွှန်ကြားချက်အရဆိုရင် ပြည်သူ့ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော်ပင်လျှင် ကျွန်တော့်မဲဆန္ဒနယ် ပျော်ဘွယ်မှာ ဟောပြောခွင့်မရတဲ့သဘောမျိုးဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ မှာ နိုင်ငံတော်သည် မည်သူ့ကို မဆို ဥပဒေအရာတွင် တန်းတူညီမျှစွာအခွင့်အရေးရရှိစေရမည်။ အကာအကွယ်ကိုလည်း တန်းတူ ညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်လို့ ပါရှိပြီးတော့ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)မှာလည်း နိုင်ငံသားနှင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတိုင်း ကိုယ်ကျင့်တရားအကျိုးငှာပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့်မဆန့်ကျင်ရင် မိမိရဲ့ ယုံကြည် ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ လက်နက် မပါဘဲငြိမ်းချမ်းစွာစုဝေးစီတန်းလှည့်လည်ခွင့်တွေ ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၄၈ မှာ လည်းပဲ မည်သည့်နိုင်ငံသားကိုမှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲ၊ ချမ်းသာကိုအကြောင်းပြုပြီး ခွဲခြားမှု မရှိစေရလို့ ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဥပဒေတွေခိုင်မာစွာ ပြဋ္ဌာန်းထားပါသော်လည်း မန္တလေးတိုင်းဒေသကြီး အတွင်းမှာ အမျိုးမျိုးသောစည်းကမ်းချက်တွေထုတ်ပြန်ထားတဲ့အတွက် ပြည်သူများဟာ ငြိမ်းစုစီလုပ်ဆောင်ခွင့်ကို ပေးကားပေး၏မရတဲ့ဘဝဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီကျင့်စဉ် နှင့်အညီဖြစ်စေရေးအတွက် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၈) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည် ခြင်းဆိုင်ရာဥပဒေအရ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့မြို့နယ်တွေကို ထုတ်ပြန် ထားတဲ့ ဒေသန္တရစည်းကမ်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် သဘော ထားကွဲလွဲဆန့်ကျင်ပြီး ဆန္ဒထုတ်ဖော်သူများအား အနှောင့်အယှက်၊ အဟန့်အတား၊ စိတ်ငြိုငြင်မှု များဖြစ်စေသဖြင့် ပယ်ဖျက်ပေးပါရန်နှင့် မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

ဦးအေးမောင်စိန်(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စု ဝန်ကြီးနှင့် ဧည့်သည်တော်များခင်ဗျား စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါ စေလို့ ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်က

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး၏ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေအရ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များက ထုတ်ပြန်ထားတဲ့ ဒေသန္တရစည်းကမ်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့် သဘောထားကွဲလွဲဆန့်ကျင်မှုများကို ပယ်ဖျက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားပါမယ်။ ငြိမ်းချမ်းစွာစုဝေးခွင့်၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်နှင့် ငြိမ်းချမ်းစွာဟောပြောခွင့်လျှောက်ထားလိုသူတွေဟာ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၈) ပုဒ်မ ၄ မှာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းအခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းများသည် မိမိသဘောထားဆန္ဒကိုဖော်ပြရန်အလို့ငှာ အသိပေးတင်ပြချက်ကို သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးများထံ ယင်းသို့ ဆောင်ရွက်မည့်နေ့မတိုင်မီ အနည်းဆုံး ၄၈ နာရီကြိုတင်၍ စာဖြင့်ပေးပို့တင်ပြရမည်။

စီတန်းလှည့်လည်ရာမှာ ဖြတ်သန်းလိုသည့် မြို့နယ်များရှိပါက သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့မှူးထံ ၄၈ နာရီကြိုတင်၍ အသိပေးတင်ပြချက်မိတ္တူကို ပေးပို့ရမည်ဖြစ်ပြီး ပုဒ်မ ၄ ပုဒ်မခွဲ(က)ကနေပြီးတော့ ပုဒ်မခွဲ(စ)အထိ အချက်တွေကို ဖော်ပြထားတာ တွေ့ရပါတယ်။ အဲဒီ ဖော်ပြချက်တွေကတော့ (က) ငြိမ်းချမ်းစွာစုဝေးပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ နေရာ၊ အချိန် အပိုင်းအခြား၊ ငြိမ်းချမ်းစွာစုဝေးခြင်းပြုရာမှာ ဟောပြောလိုသည့် အဓိကအကြောင်းအရာနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ။ (ခ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ပြုလုပ်လိုသည့် ရည်ရွယ်ချက်၊ လမ်းကြောင်း၊ နေ့ရက်၊ ဖြတ်သန်းလိုသည့် မြို့နယ်များ၊ အချိန်အပိုင်းအခြားနှင့် ကြွေးကြော်လိုသည့် ကြွေးကြော်သံများ၊ (ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းတို့အတွက် အသိပေးတင်ပြသူ၊ ဦးဆောင်မည့်ပုဂ္ဂိုလ်နှင့် ဟောပြောမည့်ပုဂ္ဂိုလ်တို့၏ အမည်နှင့် ဆက်သွယ်ရမည့်လိပ်စာအပြည့်အစုံ၊ (ဃ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခြင်းပြုလုပ်မည့်အစီအစဉ်နှင့် ခန့်မှန်းလူဦးရေ၊ (င) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပါက ယင်းအဖွဲ့အစည်း၏ဆုံးဖြတ်ချက်မှတ်တမ်း သို့မဟုတ် အထောက်အထား၊ (စ) ဤဥပဒေပါ စည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာ လိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်။

ဒေသဆိုင်ရာစည်းကမ်းချက်များဟာ စည်းကမ်းချက်များ ထုတ်ပြန်ရာမှာ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေအခန်း(၂) ပါ ရည်ရွယ်ချက်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ဂ)အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းအခွင့်အရေးကို သုံးစွဲ

ဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်လို့ ဖော်ပြပါရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် ရှိသည်လို့ ဖော်ပြပါရှိပါသည်။ (က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ (ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ (ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊ (ဃ) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ၊ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်။

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ အခန်း(၅)ပါ စည်းကမ်းချက်များမှာ ပုဒ်မ ၈ မှ ပုဒ်မ ၁၂ ထိ ပြဋ္ဌာန်းထားပြီး ပုဒ်မ ၁၀ ပုဒ်မခွဲ(ဠ)တွင် ဥပဒေပါ စည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကို ဖောက်ဖျက်ခြင်းမပြုရဟူ၍ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေကို ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၈)မှာပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေအရ ထုတ်ပြန်သော ဒေသန္တရအမိန့်များသည် ငြိမ်းစုစီပြုလုပ်လိုသူများအား အနှောင့်အယှက်နှင့် ဟန့်တားမှု၊ စိတ်ကိုငြိုငြင်မှုများပေါ်ပေါက်သည်ဟု ထင်မြင်သည့်အတွက် တည်ဆဲဥပဒေနှင့်မညီညွတ်ဟုယူဆပါက ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၆) တရားစီရင်ရေးပုဒ်မ ၂၉၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်ထုတ်ဆင့်ပယ်ဖျက်ပေးနိုင်ပါရန် လျှောက်ထားခွင့်ရှိပါသည်။ ယခုအချိန်ထိ စာချွန်တော်ထုတ်ဆင့်ပေးရန် လျှောက်ထားဆောင်ရွက်ခြင်းမရှိပါသေးကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ မိုက်ပေးပါ။

05-11-2019(Record)

ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)။ ။ စာချွန်လွှာထုတ်ဆင့်ပြီးတော့ ဆောင်ရွက်ဖို့ ပြောတယ်လို့ ကျွန်တော်တော့ အဖြေရပါတယ်။ ဒီ့အတွက်လည်း ကျွန်တော်တို့ဆက်လက် ဆောင်ရွက်ပေးပါမယ်။ အမှန်တကယ်တော့ ဒေသအာဏာပိုင်အဆင့်ဆင့်ကထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီညွှန်ကြားချက်တွေဟာ သာမန်ဦးနှောက်နှင့်စဉ်းစားရင် ကိုပဲ ပြဋ္ဌာန်းထားတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီဘူး။ အသုံးပြုဖို့ပြဋ္ဌာန်းထားတဲ့ ငြိမ်းစုစီ ဥပဒေနဲ့လည်းမကိုက်ညီဘူးဆိုရင် ဒါဟာဘာလုပ်သင့်လဲဆိုတာ စဉ်းစားဉာဏ်ရှိတဲ့သူတိုင်း စဉ်းစားလို့ ရတဲ့အဖြေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးထားတာကလည်းပဲ ဒီလိုညွှန်ကြားချက်တွေ ထုတ်လိုက်တဲ့အခါမှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ငြိမ်းစုစီလုပ်ဖို့ တော်တော့်ကိုအခက်အခဲ တွေ ကြုံတွေ့နေရတာဖြစ်ပါတယ်။ အချိန်မရလို့ ကျွန်တော် အသေးစိတ်မတင်ပြတာဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုလုပ်ခြင်းအားဖြင့် နိုင်ငံတော်ကပေးအပ်ထားတဲ့ဒီမိုကရေစီလမ်းကြောင်း၊ နိုင်ငံတော် လျှောက်နေတဲ့ဒီမိုကရေစီလမ်းကြောင်း၊ ဒီမိုကရေစီအခွင့်အရေးဟာ ပြည်သူဘယ်လိုရမလဲ၊ ဒါကို စာချွန်လွှာတင်ပြီးမှ လုပ်နေရအုံးမယ်ဆိုရင်တော့ အချိန်တော်တော်တော့ယူရအုံးမယ့်သဘော ဖြစ်ပါ တယ်။ တကယ်လက်တွေ့ ဒီမိုကရေစီလို့ကြွေးကြော်နေတဲ့ ကျွန်တော်တို့တိုင်းပြည်မှာ ဒီမိုကရေစီ နည်းလမ်းတကျတော့ အဖြေပေးဖို့သင့်မယ်လို့ ကျွန်တော်ထပ်ဆင့်တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ဒ့ါအပြင် ကျွန်တော်မေးခွန်းမှာ နှစ်ပိုင်းဖြစ်ပါတယ်။ အဲဒီလိုဖြစ်လာလို့ရှိရင် ဘယ်လိုအရေးယူမလဲ ဆိုတဲ့အပိုင်းလည်းပါပါတယ်။ **Power Point** ၇ ကို ခဏပြပေးပါ။ **Power Point** ၉ ကိုခဏပြပေးပါ။ အဲဒါ ဒီထုတ်ပြန်ထားတဲ့ဒေသန္တရဥပဒေတွေ။ ကျွန်တော်ခုနကပြောပြီးပြီ။ ပြည်ကြီးတံခွန်မြို့နယ်မှာ ဆိုရင် အချက် ၆၆ ချက်တောင်ရှိတယ်။ အဲတော့ ဒီ ၆၆ ချက်ကို ဖတ်လိုက်ခြင်းအားဖြင့် ငြိမ်းစုစီ လုပ်လို့ကိုမရတဲ့သဘောဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုပ်လို့မရတဲ့ညွှန်ကြားချက်ကို ဘာဖြစ်လို့ ဒီမိုကရေစီခေတ်မှာထုတ်ပြန်သလဲ ဒါမေးခွန်းမေးရမယ့်ကိစ္စဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလိုထုတ်ပြန် တဲ့အတွက် ဆန္ဒဖော်ထုတ်မယ့်လူထုမှာ အနှောင့်အယှက်တွေ၊ အဟန့်အတားတွေ၊ စိတ်ငြိုငြင်မှုတွေ ဖြစ်ပါတယ်။ ဒီလိုဖြစ်လာရင် ဒီပုဒ်မအရ ကျွန်တော်တို့ အရေးယူဒဏ်ခတ်ဖို့လိုပါတယ်။ ဒါတွေကို ဆက်လက်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ ကျွန်တော် ဆက်စပ်မေးမြန်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ နေပြည်တော်ကောင်စီက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

ဦးအေးမောင်စိန်(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)။ ။ ထပ်ဆင့်မေးခွန်းနှင့်ပတ်သက် ပြီးတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်ဆက်သွယ်ပြီးတော့ ပြန်လည်တင်ပြပေး ပါမယ်။

ဥက္ကဋ္ဌ။ ။ ကောင်းပါပြီ။

သိမ်းဆည်းခံထားသည့်မြေယာများအပေါ် ပုံစံမမှန်ချထားပေးသော ဂရန်မြေများကို ပြန်လည်စိစစ်၍ မမှန်မကန်ထားပေးပါက ဂရန်များကို ပြန်လည်ရုပ်သိမ်းပြီး မူလတောင်သူများထံသို့ ပြန်လည် ချထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ **Power Point** သုံးစွဲခွင့်ပြုပါရန် လေးစားစွာတင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။ ပြည်ကြီးတံခွန်မြို့နယ်ဟာ ၁၉၉၁-၁၉၉၂ လောက်က ပြည်ကြီးတံခွန်မြို့နယ်ရဲ့ ၈၀ ရာခိုင်နှုန်းကို ပုသိမ်ကြီးမြို့နယ်နှင့် အမရပူရ မြို့နယ်မှာရှိတဲ့ လယ်ယာမြေတွေကိုသိမ်းယူပြီးတော့ မြို့ကွက်သစ်အဖြစ် ထူထောင်ပြီးဖော်ဆောင်ခဲ့ တဲ့မြို့နယ်ဖြစ်ပါတယ်။ ပြည်ကြီးတံခွန်မြို့နယ်ရဲ့ ၂၀ ရာခိုင်နှုန်းရဲ့အချို့မြေများဟာ ရွာမြေအဖြစ် လည်းကောင်း၊ လယ်မြေအဖြစ်လည်းကောင်း ယနေ့အချိန်ထိ ကျန်ရှိနေခဲ့ပြီးတော့ မူလတောင်သူ များနေထိုင်လုပ်ကိုင်စားသောက်လျက် ရှိကြပါတယ်။ ကျွန်တော့်ထံကို ပန်ကြားလာတဲ့စာများကို စိစစ်တဲ့အခါမှာ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာ မြေနေရာချထားပေးရေးအဖွဲ့အနေဖြင့် မြေနေရာများကို ချထားပေးတဲ့အခါမှာ ပုံစံမမှန် ချထားပေးသော မြေနေရာများစွာရှိကြောင်း၊ ဂရန်များစွာရှိကြောင်း ကိုလည်း သိရှိရပါတယ်။ အချို့မြေများဟာ ၁၉၉၁-၁၉၉၂ လောက်က သိမ်းဆည်းခံရတဲ့အထဲမှာ ပါဝင်ခဲ့သော်လည်းပဲ အဲဒီမြေများအပေါ်မှာ ငါးနှစ်ပြည့်တဲ့အခါမှာလည်း အကောင်အထည်မပေါ် ပါဘူး။ ၁၀ နှစ် ပြည့်တဲ့အခါမှာလည်းပဲ အကောင်အထည်မပေါ်ပါဘူး။ နှစ် ၂၀ ပြည့်သော်လည်းပဲ အကောင်အထည်မပေါ်ပါဘဲနဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်လောက်ကျမှ မြေပိုင်ရှင်မဟုတ်တဲ့ ဂရန်ပိုင်ရှင် များပေါ်ပေါက်လာပြီးတော့ တောင်သူများဟာ တရားစွဲဆိုခံနေကြရပါတယ်။ တောင်သူများအနေ ဖြင့်လည်းပဲ မြေသိမ်းခံရတာ၊ နောက်ပြီးတော့ တရားလည်းအစွဲခံရတာနှင့် မပဋ္ဌာမြေလူးသလို တောင်သူများဘဝဟာလည်း အလူးအလဲပါပဲ။

ဒါကြောင့်မို့လို့ ၎င်းတို့ကိုယ်စား မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် နောက်ပိုင်း မှာ ရရှိထားတဲ့ဂရန်မြေများကို ပြန်လည်စိစစ်ပြီးတော့ ပုံစံမှန်မှန်ရရှိထားသော ဂရန်မြေများကို ပယ်ဖျက်ပြီးတော့ မူလတောင်သူများကို ပြန်လည်ပေးအပ်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ယခု ကျွန်ုပ်ထံကို တိုင်ကြားလာတဲ့ တိုင်ကြားစာအမြောက်အမြားထဲက တိုင်ကြားအကူအညီတောင်းခံတဲ့ အမှုတွဲ

နှစ်ခုကို ထုတ်နုတ်တင်ပြလိုပါတယ်။ ပထမတစ်ခုကတော့ ငွေတော်ကြည်ကုန်းရပ်ကွက် အကွက်အမှတ်(၁၇/၁၂) မှာရှိတဲ့ မူလပိုင်ရှင် ဦးလှအောင်မိသားစုတို့မှာ သိမ်းဆည်းခံရတဲ့ထဲမှာမပါဝင်ဘဲ ဂရန်ပိုင်ရှင်မှ မြေပိုင်ရှင်အား တရားစွဲဆိုခံရသည့်အချိန်မှ မြေပိုင်ရှင်မှ အခြားသူများဂရန်ရရှိနေကြောင်းသိရတဲ့မြေကွက်ဖြစ်ပြီးတော့ ၎င်းတို့မိသားစုမှာ မြေကေ ၂.၅၂ ကေမှာ လက်ရှိနေထိုင်လုပ်ကိုင်လျက်ရှိပြီးတော့ မြေနေရာမှာ ယနေ့အချိန်ထိ လုပ်ကိုင်စားသောက်လျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။

ဒုတိယတစ်ခုကတော့ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၅) ဦးညွန့်ဆွေမိသားစုမှလည်းပဲ ယနေ့အချိန်ထိ ပိုင်ဆိုင်နေထိုင်လုပ်ကိုင်လျက်ရှိပါတယ်။ မြေ/စစ်ကော်မတီကလည်းပဲ ၎င်းတို့ပိုင်ဆိုင်ခဲ့သော မြေများနှင့်ပတ်သက်ပြီးတော့ အမှန်တကယ်သိမ်းဆည်းခံရတဲ့မြေကွက်ဖြစ်ကြောင်း မြေယာလျော်ကြေးမရရှိကြောင်း၊ သီးနှံလျော်ကြေးလည်းမရရှိကြောင်း၊ အစားထိုးမြေကွက်များလည်းမရရှိကြောင်း၊ မေးမြန်းစိစစ်ခဲ့သူများလည်းရှိကြောင်း သိရှိရပါတယ်။ သို့သော်အခြားသူများက ဂရန်မြေများကို လျှောက်ထားပြီးတော့ ဂရန်များကိုရယူထားကြောင်းကိုလည်း သိရပါတယ်။ ဂရန်ရယူထားသူများအနေဖြင့် ယနေ့အချိန်ထိ ပိုင်ဆိုင်နေထိုင်ခြင်းမရှိသော်လည်းပဲ ဂရန်အမည်ပေါက်များကို အဆင့်ဆင့်လွှဲပြောင်းရောင်းချထားကြောင်းကိုလည်း သိရှိရပါတယ်။

ယခုအခါ ဦးညွန့်ဆွေပိုင်ဆိုင်တဲ့မြေကွက်အပေါ်မှာ ဂရန်ရရှိသူတစ်ဦးက အကွက်ပေါင်းများစွာခွဲကာအခြားသူများကို ဂရန်ခွဲများစွာဖြင့် ရောင်းချထားကြောင်းကိုလည်း သိရှိရပါတယ်။ အဲဒီဂရန်ကို လျှောက်ထားရယူစဉ်တုန်းကလည်းပဲ မြေပေးစာရွက်မှာ စက်မှုဖွံ့ဖြိုးရေးမြေကွက်ဟုဆိုထားသော် လည်းပဲ အခုအခါ မြေရောင်းဝယ်လုပ်ရန် မြေဖြစ်နေပါတယ်။ မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့က ချထားပေးတဲ့ မြေစာရွက်မှာလည်းပဲ မြေပြုပြင်စတင်အကောင်အထည်ဖော်ပြီး အဆောက်အဦများ ၅၀ ရာခိုင်နှုန်းပြီးစီးမှ ဂရန်လျှောက်ထားရန်ဟုဆိုထားပါသော်လည်းပဲ ဂရန်အမည်ပေါက် အဆင့်ဆင့်သာ ပြောင်းလဲသွားပါတယ်။ ဆောက်လုပ်ပြီးစီးခြင်းမရှိပါဘူး။ ဂရန်ခွဲအမည်ပေါက် အဆင့်ဆင့်ပြောင်းလဲပြီးသွားချိန်မှသာလျှင် အဆောက်အဦများ ဆောက်လုပ်ရန်ကြိုးစားနေခြင်း များကိုလည်းတွေ့ရပါတယ်။ မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့အနေဖြင့်လည်း မြို့ကွက်သစ် ဖော်ထုတ်ပြီး စည်ပင်သာယာရေးကော်မတီကို စနစ်တကျလွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည့်အတွက် မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့ဟာ ဘယ်အချိန်မှာစတင်ဖွဲ့စည်းပြီးတော့ ဘယ်အချိန်မှာရုပ်သိမ်းသွားသလဲ ယနေ့အချိန်ထိရောရှိသလား။ ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာရော ရှိ/မရှိကိုလည်းပဲ စိစစ်ရန်ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်

နောက်ပိုင်းမှာရှိနေသေးတယ်ဆိုလို့ရှိရင် မြေကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ ထုတ်ပေးသော မြေချစနစ်များကို မှန်ကန်မှုရှိ/မရှိ စစ်ဆေးရန် လိုအပ်မှာဖြစ်ပါတယ်။

မြေချစနစ်များကိုလည်း မှန်ကန်စွာထုတ်ပေးတယ်ဆိုလို့ရှိရင် မြို့ကွက်သစ်ဖော်ထုတ်ရေး အဖွဲ့အနေဖြင့် ထုတ်ပေးထားတဲ့ မြေချစလစ် စည်းကမ်းအတိုင်း ဂရန်မြေလျှောက်ထားရယူခဲ့ခြင်း ရှိ/မရှိကိုလည်းပဲ စိစစ်ရန်လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဂရန်များကို ဘယ်လိုရရှိ ထားကြောင်းနှင့် ပုံစံမမှန်ချထားပေးသောမြေဂရန်များကို ပြန်လည်စိစစ်ရန်လိုအပ်မှာ ဖြစ်ပါတယ်။ မမှန်မကန်ချထားပေးပါက မြေဂရန်များကို ပြန်လည်ရုပ်သိမ်းပြီးတော့ မူလတောင်သူများကို ပြန်လည်ချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ နေပြည်တောင်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဦးအေးမောင်စိန်(ကောင်စီဝင်၊ နေပြည်တောင်ကောင်စီ)။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်းရဲ့ သိမ်းဆည်းခံထားသည့် မြေယာများ အပေါ် ပုံစံမမှန်ချထားပေးပါက ဂရန်မြေများကို ပြန်လည်စိစစ်၍ မမှန်မကန်ချထားပေးပါက ဂရန်များကို ပြန်လည်ရုပ်သိမ်းပြီး မူလတောင်သူများထံသို့ ပြန်လည်ချထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဆက်လက် ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်း သိမ်းဆည်းခံလယ်ယာမြေများမှာ ဂရန်ချထားပေးခြင်းနှင့် ပတ်သက်၍ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအနေနဲ့ သက်ဆိုင်ရာတောင်သူများမှ တင်ပြတိုင်ကြားလာမှုများအပေါ် လယ်ယာမြေ နှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်၍ ဗဟိုကော်မတီက ပြင်ဆင်ချမှတ်ထားတဲ့ မူဝါဒများ၊ ညွှန်ကြားချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပြီး မူလတောင်သူများသို့ မြေ ပြန်လည်စွန့်လွှတ်ခြင်း၊ စွန့်လွှတ်ခြင်းမရှိပါက လျော်ကြေးငွေပေးလျော်ခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အသုံးပြုရန်မရှိသည့် ပိုလျှံမြေများကို နိုင်ငံတော်သို့ စွန့်လွှတ်အပ်နှံစေ၍ မူဝါဒများနှင့်အညီ မူလတောင်သူများသို့ ပြန်လည်ချထားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါ တယ်။

05-11-2019(Record)

ဦးညွန့်ဆွေ၏တိုင်ကြားစာပါ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၅)ရှိမြေကွက်မှာ ဦးပိုင်အမှတ်(၁) ဧရိယာ ၀.၈၆ ဧကရှိ မြေကွက်ဖြစ်ပြီး မူလက ပုသိမ်ကြီးမြို့နယ်၊ သင်ပန်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၃၇)၊ ဦးပိုင်အမှတ်(၅၇) လယ်မြေ ဧရိယာ ၄.၆၂ ဧကတွင်ပါဝင်ကြောင်း ဦးညွန့်ဆွေ၏တိုင်ကြားစာအရ သိရှိရပါတယ်။ ယင်းမြေနေရာအပါအဝင် ကွင်းအမှတ်(၅၃၇)၊ (၅၃၈)၊ (၅၁၆-ဂ)၊ (၅၃၉) အတွင်းရှိမြေဧရိယာစုစုပေါင်း ၁၇၆၃ ဧကကို မန္တလေးတိုင်းငြိမ်ဝပ်ပိပြားရေးတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် ရက်စွဲပါအမိန့်အမှတ်(၃၆/၉၁)နဲ့ မန္တလေးမြို့တိုးချဲ့မြေအဖြစ်အသုံးပြုဖို့ မန္တလေးမြို့၊ မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့သို့ လ/န(၃၉) ခွင့်ပြုမိန့်ထုတ်ပေးခဲ့ကြောင်း တွေ့ရှိရပြီး မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့က မြေကွက်သိမ်းဆည်းခံတောင်သူများသို့ သတ်မှတ်သည့်နှုန်းထားအတိုင်း လျော်ကြေးငွေများထုတ်ပေးခဲ့ကြောင်း သိရှိရပါတယ်။

မြေပုံ၊ မြေရာဇဝင်အရ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၅)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၀.၈၆ ဧကအား အမှုတွဲအမှတ်(၁၀၆၂/၂၀၁၀-၂၀၁၁)အရ ဦးအေးမင်းထွန်းအမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်ထုတ်ပေးခဲ့ကြောင်းတွေ့ရှိရပြီး ၎င်းဦးပိုင်အမှတ်(၁) အား ဦးပိုင်(၁၂)ခု ခွဲစိတ်၍ ဦးအေးမင်းထွန်းအမည်ဖြင့် ဂရန်ထုတ်ပေးထားကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ အမှုတွဲဟောင်းများ ထုတ်ယူစစ်ဆေးရာမှာ မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့၏ ၁၈-၈-၂၀၁၀ ရက်စွဲဖြင့် ဦးအေးမင်းထွန်းအား စက်မှုဖွံ့ဖြိုးရေးမြေကွက်အမှတ်(ညည-၈၅/၁)၊ ဧရိယာ ၀.၈၆ ဧကကို မြို့အင်္ဂါရပ်နှင့်ညီညွတ်သော အဆောက်အအုံ သို့မဟုတ် စက်ရုံတည်ဆောက်ရန်အတွက် ချထားပေးခဲ့သည့် မြေချအမိန့် မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့သို့ ငွေကျပ် ၁၃၇၆၀၀၀ နှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ငွေကျပ် ၁၃၇၆၀၀၀ ပေးသွင်းသည့် ငွေရပြေစာတို့အရ ဦးအေးမင်းထွန်းသို့ ၂-၅-၂၀၁၁ ရက်နေ့မှ ၁-၅-၂၀၄၁ ရက်နေ့အထိ နှစ် ၃၀ မြေငှားဂရန်ထုတ်ပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဦးအေးမင်းထွန်းသည် မြေငှားဂရန်ထုတ်ယူရရှိပြီးနောက် ၎င်းမြေကွက်အမှတ်(ညည-၈၅/၁) ဧရိယာ ၀.၈၆ ဧကအား ပေ ၄၀ ဝင်/ထွက်လမ်းနှစ်လမ်းချန်၍ မြေကွက်ပေါင်း ၁၂ ကွက်ကို ဦးပိုင်ခွဲစိတ်ပြီး ဂရန်ထုတ်ပေးရန် လျှောက်ထားမှုအရ ၁၉-၉-၂၀၁၁ ရက်နေ့မှာ ဦးပိုင်အမှတ်(၁-က)မှ (၁-ဍ)ထိ ဦးပိုင် ၁၂ ခုခွဲစိတ်ပြီး ဦးအေးမင်းထွန်းအမည်ဖြင့် မြေငှားဂရန် ၁၂ စောင် ထုတ်ပေးခဲ့ကြောင်းစစ်ဆေးတွေ့ရှိရပါသည်။ ဦးအေးမင်းထွန်းအမည်ဖြင့် မြေငှားဂရန်လျှောက်ထားခြင်း၊ ဦးပိုင်ခွဲစိတ်၍ မြေငှားဂရန် ၁၂ စောင်ထုတ်ယူခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့သည့် မြေကွက်အမှတ်(ညည-၈၅/၁)မှာ မန္တလေး-လားရှိုးရထားလမ်းနှင့် မင်းကြီးရန်နောင်လမ်းကြား၊ ၄၇ x ၄၈ လမ်းကြားမှာ တည်ရှိပြီး စက်မှုဖွံ့ဖြိုးရေးမြေကွက်အဖြစ် သတ်မှတ်မြေနေရာချထားပေးခဲ့သော်လည်း စက်မှုဇုန်

ဧရိယာမှာ ပါဝင်မှုမရှိကြောင်းတွေ့ရှိရပါတယ်။ တင်ပြပါမြေကွက်များ၏မြေပြင်အခြေအနေမှာ ဦးပိုင်အမှတ်(၁-က)မှ(၁-ဆ)အထိ မြေကွက်တို့တွင် ဦးအေးမင်းထွန်းမှ အာစီသုံးထပ်တိုက်ခန်း အဆောက်အဦများ ဆောက်လုပ်အသုံးပြုလျက်ရှိပြီး ကြားလမ်းမြေအပါအဝင်ဦးပိုင်အမှတ်(၁-ဇ)မှ(၁-ဍ)အထိ မြေကွက် များပေါ်၌ ဦးညွန့်ဆွေ(ပါ) ၁၅ ဦးတို့မှ သွပ်မိုး၊ ထရံကာအဆောက်အဦ ၁၃ ဦး၊ သွပ်မိုးကျောက်ပြားကာ အဆောက်အဦတစ်လုံး၊ Steel Structure အဆောက်အဦတစ်လုံးတို့ဖြင့် သွပ်မိုး၊ ဝါး၊ ဝင်းထရံ ခြံစည်းရိုးကာရံအသုံးပြုနေထိုင်လျက်ရှိပါတယ်။

မန္တလေးမြို့ မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့သည် မြို့ကွက်သစ်မြေကွက်များအား မြေနေရာချထားရာမှာ အများအားဖြင့် စက်မှုဇုန်ဧရိယာအတွင်းပါဝင်သည့် မြေကွက်များကိုသာ အဆောက်အဦ ၅၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးမှ ဂရန်လျှောက်ထားရန်ဟု စည်းကမ်းသတ်မှတ် ထားပါတယ်။ မန္တလေးမြို့ မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှ ဦးအေးမင်းထွန်းသို့ မြေကွက် အမှတ်(ညည-၈၅/၁)အား ချထားပေးရာတွင် အဆောက်အဦ သို့မဟုတ် စက်ရုံတည်ဆောက်ရန် ချထားပေးခဲ့သော်လည်း မြေကွက်အမှတ်(ညည-၈၅/၁)သည် စက်မှုဇုန်ဧရိယာအတွင်း ပါဝင်မှုမရှိ ခြင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ထုံးလုပ်နည်းအရလည်း ဂရန်ရရှိပြီးမှ သာ အဆောက်အဦဆောက်လုပ်ရန်အတွက် မြေပုံရေးကူးခွင့်ပြုခြင်း၊ အဆောက်အဦ ဆောက်လုပ် ရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်းတို့ကြောင့် အဆောက်အဦဆောက်လုပ်ပြီးစီးခြင်းမရှိသော်လည်း ဂရန် လျှောက်ထားခွင့်ပြု၍ ဂရန်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်းဂရန်များမှာ မြို့ကွက် သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့၏ မြေချထားမိန့်ကို အခြေပြုထုတ်ပေးသည့် ဂရန်စာချုပ်များ ဖြစ်ပြီး မမှန်မကန်ချထားပေးသော မြေဂရန်များမဟုတ်၍ ပြန်လည်ရုပ်သိမ်းရန်မဖြစ်နိုင်ပါ။

သို့ဖြစ်ပါ၍ ဦးညွန့်ဆွေတိုင်ကြားတင်ပြသည့် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၅)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၀.၈၆ ဧကသည် မြို့ကွက်သစ်ဖော်ထုတ်ရေး လုပ်ငန်းအဖွဲ့မှ စီမံခန့်ခွဲသည့် မြေဧရိယာပါဝင်ပြီး မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့၏ ၁၈-၈-၂၀၁၀ ရက်စွဲပါမြေချထားမိန့်အရ မြေချထားခံရသူ ဦးအေးမင်းထွန်းအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ထုတ်ပေးခြင်း၊ ဦးပိုင်ခွဲစိတ် ဂရန်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသဖြင့် မမှန်မကန်ထုတ်ပေးထားသော ဂရန်များ မဟုတ်ပါကြောင်း၊ ဦးအေးမင်းထွန်းအမည်ဖြင့် ထုတ်ပေးထားသောဂရန်များကို စိစစ်ဖျက်သိမ်း ပေးပါရန် ဦးညွန့်ဆွေ၏ တင်ပြမှုအပေါ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အခြေ အနေစိစစ်တင်ပြခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ၂-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ ၁/၂-၂/၂ ဦး ၆ (၁၅၅၀)ဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် အကြောင်းကြား

ထားပါသဖြင့် ၎င်းဂရန်များကို ပြန်လည်ရုပ်သိမ်းပြီး မူလတောင်သူများထံသို့ ပြန်လည်ချထားပေးရန် အစီအစဉ်မရှိပါ။

နောက်တစ်ခုကတော့ ဦးလှအောင်၏ တိုင်ကြားစာပါ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၇)၊ ဦးပိုင်အမှတ်(၁+၂)မြေနေရာမှာ မူလက ပုသိမ်ကြီးမြို့နယ်၊ ငွေတော်ကျီကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၆/က)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာတစ်ဧကခန့်ရှိ မြေနေရာမှာပါဝင်ကြောင်း ဦးလှအောင်၏ တိုင်ကြားစာများအရ သိရှိရပါသည်။ ကွင်းအမှတ်(၅၁၆-က)၊ ဧရိယာ ၂၁၉.၇၄၄၂ ဧကကို မန္တလေးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက်က ၂၃-၁-၁၉၉၅ ရက်စွဲပါအမိန့်အမှတ်(၄၀/၉၄)အရ မန္တလေးမြို့တိုးချဲ့မြေအဖြစ် အသုံးပြုရန် မန္တလေးမြို့ မြို့ကွက်သစ်ဖော်လုပ်ရေးလုပ်ငန်းအဖွဲ့သို့ လ/န(၃၉)ခွင့်ပြုမိန့် ထုတ်ပေးခဲ့ကြောင်းတွေ့ရှိရပါတယ်။ ၎င်းမြေနေရာအား မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှ ၁၁-၈-၂၀၁၀ ရက်စွဲပါစာဖြင့် ဦးမောင်မောင်သန်း၊ ဒေါ်နန့်အေးအေးမြိုင်တို့အား မြေနေရာချထား ပေးခဲ့သဖြင့် ၎င်းတို့မှ မြေဖိုး၊ လမ်းဖိုးများပေးသွင်း၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြေငှားဂရန်လျှောက်ထားခဲ့ရာ ၅-၄-၂၀၁၂ ရက်နေ့တွင် နှစ် ၃၀ သက်တမ်းရှိ မြေငှားဂရန်အား ထုတ်ပေးခဲ့ပါတယ်။

မန္တလေးမြို့ မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့သည် မြို့ကွက်သစ်မြေကွက်များအား မြေနေရာချထားရာတွင် စက်မှုဇုန်ဧရိယာတွင်ပါဝင်သည့် မြေကွက်များကိုသာ အဆောက်အဦ ၅၀ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးမှသာ ဂရန်လျှောက်ထားရန်ဟု စည်းကမ်းသတ်မှတ်ထားပါသည်။ လူနေထိုင်ရန် ချထားပေးသည့် မြေကွက်များကို ၎င်းစည်းကမ်းချက်သတ်မှတ်ထားခြင်းမရှိပါ။ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ထုံးလုပ်နည်းအရလည်း ဂရန်ရရှိပြီးမှသာ အဆောက်အဦ ဆောက်လုပ်ရန် မြေပုံရေးကူးခွင့်ပြုခြင်း၊ အဆောက်အဦဆောက်မိန့် ထုတ်ပေးခြင်းတို့ကြောင့် အဆောက်အဦဆောက်လုပ်ပြီးစီးခြင်းမရှိသော်လည်း ဂရန်လျှောက်ထားခွင့်ပြု၍ ဂရန်ထုတ်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ၎င်းဂရန်များမှာ မြို့ကွက်သစ်ဖော်ထုတ်ရေး လုပ်ငန်းအဖွဲ့၏ မြေချထားမိန့်ကို အခြေပြုထုတ်ပေးသည့်ဂရန်စာချုပ်များဖြစ်ပြီး မမှန်မကန်ချထားပေးသောမြေဂရန်များမဟုတ်၍ ပြန်လည်ရုပ်သိမ်းရန်မဖြစ်နိုင်ပါ။

မြေငှားဂရန်ရရှိထားသူ ဦးမောင်မောင်သန်းနှင့် ဒေါ်နန်းအေးအေးမြိုင်တို့မှ ၎င်းမြေကွက်တို့အား ဝင်းခြံခတ်ရန် ကွက်ကရစ်တိုင်များစိုက်ထူစဉ် ၂၀၁၄ ခုနှစ်မှစ၍ ဦးလှအောင်တို့မှ ၎င်းပိုင်မြေကွက်အဖြစ် ဝင်ရောက်နေထိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဦးလှအောင်တို့အား မြေငှားဂရန်ရရှိထားသူတို့မှ မြေကွက်ပိုင်ဆိုင်မှုအထောက်အထားများပြသ၍ ဖယ်ရှားပေးရန် ပြောကြားခဲ့သော်

လည်း ဖယ်ရှားပေးခြင်းမရှိခဲ့ပါ။ ဦးလှအောင်သည် ၂၀၁၆ ခုနှစ်အတွင်းတွင် မြေကွက်တစ်ဝက်ခွဲ ပေးရန်၊ ကာလပေါက်ဈေးဖြင့် လျော်ကြေးပေးရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ တိုင်ကြားခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အကြောင်းကြားခဲ့ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက တိုင်ကြားသူ ဦးလှအောင်နှင့် မြေငှားဂရန် ရရှိထားသူ ဦးမောင်မောင်သန်း၊ ဒေါ်နန်းအေးအေးမြိုင်တို့အား သီးခြားစီခေါ်ယူတွေ့ဆုံ၍ ညှိနှိုင်း ပေးခဲ့ရာတွင် မြေငှားဂရန်ရရှိထားသူ ဦးမောင်မောင်သန်း၊ ဒေါ်နန်းအေးအေးမြိုင်တို့မှ ဦးလှအောင် တို့ကို လူမှုရေးညှိနှိုင်းမှုအဖြစ် ငွေကျပ်သိန်း ၃၀၀ ပေးခဲ့သော်လည်း လက်ခံမှုမရှိသဖြင့် မန္တလေးခရိုင် တရားရုံးသို့ တရားမကြီးမှုအမှတ်(၄၀၉/၂၀၁၄)ဖြင့် မြေကွက်ပေါ်မှဖယ်ရှား၍ လက်ရောက်ရလိုမှု စွဲဆိုခဲ့ပါတယ်။ လက်ရှိအခြေအနေတွင် မန္တလေးခရိုင်တရားရုံးသို့ တရားမကြီးမှုအမှတ်(၄၀၉/၂၀၁၄) မှာ ပြီးပြတ်ခြင်းမရှိသေးဘဲ တရားရုံးအဆင့်ဆင့်အမှုရင်ဆိုင်နေရဆဲဖြစ်ပါသဖြင့် ဂရန်များကို ပြန်လည်ရုပ်သိမ်းပြီး မူလတောင်သူ ဦးလှအောင်သို့ ပြန်လည်ချထားပေးရန်နှင့် တရားရုံးအမိန့် အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ မိုက်ပေးပါ။

ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)။ ။ကျွန်တော်တို့ နေပြည်တော် ကောင်စီ ကောင်စီဝင်ကြီးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ Power Point ပြန်လည်သုံးစွဲခွင့်ပြုပါရန် တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မြေချဂရန်ကိုပေးတဲ့ အခါမှာ မြေမချခင်မှာ ၂၀၁၁-၂၀၁၂ ခုနှစ်လောက်မှာ မြေလည်းသိမ်းဆည်း ထားတာခြင်းမရှိဘဲနဲ့ ဒီမြေချဂရန်ပေးတဲ့နေရာမှာ မြေချဂရန်ဆိုင်ရာလုပ်ထုံးလုပ်နည်းဆိုတာ ရှိပါတယ်။ မြေချဂရန် လုပ်ထုံးလုပ်နည်းအရ မြေချတော့မယ်ဆိုရင် မြေပိုင်ရှင်၊ ဒီဂရန် ပေးတော့မယ်ဆိုရင် လက်ရှိမှာ မြေပိုင်ရှင်ရှိ/မရှိဆိုတာက မြေချမယ့်သူမှာတာဝန်ရှိသလို၊ မြေလက်ရောက်ရယူသူမှာလည်း တာဝန် ရှိပါတယ်။ အဲဒီနေရာမှာ ၁၉၉၀ ခုနှစ်၊ ၁၉၉၁ ခုနှစ်၊ ၁၉၉၂ ခုနှစ် မြေတွေစမသိမ်းခင်ကတည်းက ဒီတောင်သူများဟာ ပိုင်ဆိုင်နေထိုင်ပြီးတော့ ယနေ့အချိန်ထိ လုပ်ကိုင်စားသောက်နေတာဆိုတာ လည်း ပထမ Slide တွေမှာပြထားပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဟာကိုလည်းပဲ စိစစ်တဲ့အခါမှာ ဂရန်မြေဟာ မှန်မှန်ကန်ကန်ချထားပေးခြင်း ရှိ/မရှိဆိုတာ ဒါတွေကိုလည်း အဓိကပြန်လည်စိစစ်ဖို့လိုအပ်မှာဖြစ်ပါတယ်။ နောက်ပြီးတော့ မြေချ စလစ်မှာလည်းပဲ စက်မှုမြေဖွံ့ဖြိုးတိုးတက်ရေးမြေကွက်ဆိုပြီးတော့ ချထားပေးပါတယ်။ ဒီမှာလည်းပဲ

အောက်ဆုံးမှသီးခြားပြန်ပြီးတော့ ပြထားတာရှိပါတယ်။ တစ်လအတွင်း မြေပြုပြင်မှု စတင်အကောင်အထည်ဖော်ပြီး အဆောက်အဦရဲ့ ၅၀ ရာခိုင်နှုန်းဆောက်လုပ်ပြီးမှ ဂရန်လျှောက်ထားရန် ဆိုပြီးတော့ မြေကွက်သစ်ဖော်ထုတ်ရေးအဖွဲ့ ဥက္ကဋ္ဌလက်မှတ်နှင့် ကျွန်တော်တို့ဆီမှာ ထိုးထားတာ ဖြစ်ပါတယ်။ ဒီဟာကိုလည်းပဲ တကယ်တမ်းကျတော့ အခုအချိန်ထိ အဆောက်အဦတွေလည်း မဆောက်သေးဘဲနဲ့ ဂရန်ခွဲမြောက်မြားစွာ ပေးပြီးတော့ မြေကိုသူက ဖွံ့ဖြိုးရေးအတွက်မဟုတ်ဘဲနဲ့ မြေရောင်းချရန်အတွက်ဖြစ်နေတဲ့အတွက် ဒါတွေလည်း စိစစ်ပြီးတော့ လိုအပ်မှာဖြစ်ပါတယ်။ ခုန တုန်းက Slide လေးပြပါ။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ဟာ မန္တလေးတိုင်း ဒေသကြီးလွှတ်တော်မှာ ရှင်းလင်းဆွေးနွေးခဲ့တာလေးရှိပါတယ်။ ရှင်းလင်းဆွေးနွေးတဲ့အထဲမှာ ကျွန်တော်တို့ (စ) နှင့် (ဆ) အချက်ကိုပဲ အဓိကပြောပြချင်ပါတယ်။ အချက်(စ) မှာဖွံ့ဖြိုးရေးလုပ်ငန်းတွေ အတွက်ချထားပေးတဲ့ မြေဧရိယာတွင် ဂရန်အမှုတွဲများစွာ ခွဲခွာပြီးတော့ မြေကွက်ငယ်များခွဲစိတ်ပြီး ဂရန်ထုတ်ပေးထားခြင်းသည် လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်မှုမရှိကြောင်း MCDC ဧရိယာနယ်နိမိတ် အတွင်းမှာမြို့မြေကွက်ချထားခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို မြို့မြေဧရိယာစီမံခန့်ခွဲရေးကော်မတီမှ ဆောင်ရွက်လျက်ရှိကြောင်း မြေကွက်ချထားပေးခြင်းအမိန့်များသည် MCDC မှ ချထားပေးခြင်း မဟုတ်ဘဲ မြို့မြေယာစီမံခန့်ခွဲရေးကော်မတီတစ်ဦးတည်းသဘောဖြင့် မြေသိမ်းမိန့်ထုတ်ပေးထား သည်ဟု သံသယရှိကြောင်းဆိုပြီးတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ ရှင်းလင်း ပြောပြထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေဟာ ကျွန်တော်တို့က မှန်ကန်မှုရှိ/မရှိဆိုတာ

ဥက္ကဋ္ဌ။ ။ ရှင်းလင်းတာများနေတယ်။ ဆက်စပ်မေးခွန်းက မမေးနိုင်ဘူးဖြစ်နေတယ်။ အချိန်ကိုလေးစားပါ။ နေပြည်တော်ကောင်စီက ဖြေကြားနိုင်က ဖြေကြားပေးပါ။

ဦးအေးမောင်စိန်(ကောင်စီဝင်၊ နေပြည်တောင်ကောင်စီ)။ ။ ခုနက မန္တလေးတိုင်းအစိုးရ အဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားပြီးဖြစ်ပါတယ်။ အဲဒီအထဲမှာလည်း တော်တော်များများပါသွားပြီး ဖြစ်ပါတယ်။ ထပ်မံသိရှိလိုတဲ့ မေးခွန်းတွေဆိုခဲ့လို့ရှိရင်လည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်ဆက်သွယ်ပြီးတော့ ပြန်လည်တင်ပြပေးပါမယ်။

ဥက္ကဋ္ဌ။ ။ နေပြည်တော်ကောင်စီ ကောင်စီဝင် ပြန်လည်ထွက်ခွာနိုင်ပါပြီ။

စစ်ကိုင်းမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ် များကို သင်ယူနိုင်ရန် ကျောက်တာကျေးရွာအနီးတွင် အဆင်သင့်ရှိနေသော မြေဧရိယာ ၁၄ ဧက ကျော်ခန့်ပေါ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတစ်ကျောင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

05-11-2019(Record)

ဥက္ကဋ္ဌ။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း ဖြစ်ပြီးတော့မှ ပညာရေး နှင့်စပ်လျဉ်းတဲ့မေးခွန်းတစ်ခု မေးမြန်းသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်း မြို့နယ်မှာ တက္ကသိုလ်ငါးခု၊ ကောလိပ်နှစ်ခုရှိပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး ရေးတက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ သမဝါယမ တက္ကသိုလ်ဆိုပြီးတော့မှ တက္ကသိုလ်ငါးခုရှိပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှင့် ပညာရေးကောလိပ်ဆိုပြီး ကောလိပ်နှစ်ခုလည်းရှိပါတယ်။ ကျောင်းသူ ကျောင်းသားများအဆင်ပြေစွာ ပညာသင်ကြားလျက်ရှိပါတယ်။

အခုမေးခွန်းမေးမြန်းရတဲ့အကြောင်းအရင်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် နှင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ လူငယ်လူရွယ်များ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ် များကို သင်ယူနိုင်တဲ့အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန် ရည်ရွယ်၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျောင်းတည်ဆောက်ရန် အစိုးရစီမံခန့်ခွဲခွင့်ရှိတဲ့ မြေဧရိယာ ၁၄ ဧကခန့်မှာလည်းပဲ စစ်ကိုင်းမြို့ မြောက်ဘက် ကပ်လျက်ကျောက်တာကျေးရွာအနီးမှာ အဆင်သင့်ရှိပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ နိုင်ငံတော်ရဲ့အနာဂတ်မျိုးဆက်သစ် လူသားအရင်းအမြစ်များအတွက် စက်မှုလက်မှု သိပ္ပံကျောင်းချထားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင် တည်ဆောက် ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးဖြစ်ပါတယ်။ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်သိန်းရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားခွင့်ပြုပါရန်နှင့် **Power Point** အသုံးပြုရှင်းလင်းဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ရွှေဘိုခရိုင်တွင် အစိုးရနည်းပညာကောလိပ် (ရွှေဘို)အားလည်းကောင်း၊ ကန့်ဘလူခရိုင်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ(ကန့်ဘလူ)အား လည်းကောင်း၊ ခန္တီးခရိုင်တွင်အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ခန္တီး)၊ မုံရွာခရိုင်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ)၊ အစိုးရနည်းပညာအထက်တန်း ကျောင်း(ချောင်းဦး)၊ ကလေးခရိုင်တွင် အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး)ကို ဖွင့်လှစ် ပြီးတော့ ကျွန်တော်တို့ ပုံမှန်သက်မွေးသင်တန်းတွေဖြစ်တဲ့ အင်ဂျင်နီယာနှင့် နည်းပညာဘာသာရပ် ဆိုင်ရာသင်တန်းတွေနဲ့ ဒေသလိုအပ်ချက်နှင့်ကိုက်ညီတဲ့ ကာလတိုသက်မွေးပညာရေးနှင့် လေ့ကျင့် ရေးသင်တန်းအစီအစဉ်တွေကို ဖွင့်လှစ်ပြီး သင်ကြားလေ့ကျင့်ပေးလျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ ကျောင်းတစ်ကျောင်းဖွင့်လှစ်ပေးနိုင်ပါက မြို့နှင့်တစ်ဆက်တစ်စပ်တည်း ဆက်စပ်နေသော အခြား မြို့နယ်များဖြစ်တဲ့ ဆားတောင်၊ မြင်းမူ၊ မြောင်၊ မြစ်ငယ်၊ တံတားဦးမှ လူငယ်လူရွယ်များအနေနဲ့ လည်း နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို သင်ယူနိုင်မည့်အခွင့်အလမ်းများ ရရှိလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် မြေနေရာရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ ၇-၅-၂၀၁၉ ရက် ရက်စွဲပါစာအမှတ်မှူဝါဒ(၂၁)/၃-၇(၁)(က)/၂၀၁၉(၄၁၇၄)နှင့် ကူညီဆောင်ရွက်ပေးရန် ညှိနှိုင်းမေတ္တာရပ်ခံစာ ပေးပို့ဆောင်ရွက် ထားပြီးဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ခရိုင်စီမံခန့်ခွဲမှုကော်မတီထံသို့ ၂၀၁၉ ခုနှစ်၊ မေလ ၂၉ ရက် ရက်စွဲပါစာအမှတ်(၄/၈-၆(၆)/၁၁၈၇/အဆည)ဖြင့် မြေနေရာ ရှာဖွေစိစစ်၍ ပြန်လည်တင်ပြရန် အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုထားတဲ့ စစ်ကိုင်းမြို့မြောက်ဘက်ကပ်လျက် ကျောက်တာကျေးရွာအနီး မြေဧရိယာ ၁၄ ဧကခန့်သည် အစိုးရစက်မှုလက်မှုသိပ္ပံ(စစ်ကိုင်း) ဖွင့်လှစ် နိုင်ရေးအတွက် သင့်တော်ကောင်းမွန်သောမြေနေရာဖြစ်ပြီး အတည်ပြုသတ်မှတ်မြေနေရာရရှိမည် ဆိုပါက ပညာရေးဝန်ကြီးဌာနအနေနဲ့ နည်းပညာနှင့် သက်မွေး၊ ပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ အတွက် လိုအပ်နေတဲ့ အသက်မွေးဝမ်းကျောင်းသင်တန်းတွေကို ကျွန်တော်တို့ လူငယ်လူရွယ်တွေ တစ်သက်တာ သင်ယူမှုအခွင့်အလမ်းတွေ ရရှိပေးနိုင်ဖို့လို့အတွက် တည်ဆောက်ရေးလုပ်ငန်းတွေ ကို ဆောင်ရွက်နိုင်ဖို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ရန်ပုံငွေထည့်သွင်းလျာထား တင်ပြဆောင်ရွက်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ မြို့နယ်ပညာရေးမှူးရုံးအဆောက်အဦသည် ဟောင်းနွမ်းပြီး အန္တရာယ်ရှိ ရုံးအဆောက်အဦအဖြစ် တည်ရှိနေသောကြောင့် အဆောက်အဦသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ် (တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည့်မေးခွန်းကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးသည် လွန်စွာဟောင်းနွမ်းလျက်ရှိပြီး အန္တရာယ်ရှိရုံးအဆောက်အဦအဖြစ် တည်ရှိနေပါသဖြင့် ၎င်းရုံးအားဖျက်သိမ်း၍ မြို့နယ်ပညာရေးမှူးရုံးအဆောက်အဦသစ် တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုးကြောင်းဖော်ပြချက်အနေဖြင့် တင်ပြရလျှင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်သည် လူဦးရေအားဖြင့် ၃၇၀၀၀၀ ကျော်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ အနက် ဒုတိယလူဦးရေအများဆုံးမြို့နယ် ဖြစ်ပါတယ်။ သို့အတွက် ကျောင်းနေသူလူဦးရေမှာလည်း များပြားပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အ.ထ.က ကျောင်းရှစ်ကျောင်း၊ အ.လ.က ကျောင်း ၁၀ ကျောင်း၊ အ.မ.က ကျောင်း ၁၂ ကျောင်း၊ အ.ထ.က(ခွဲ)ကျောင်းတစ်ကျောင်း၊ အ.လ.က(ခွဲ)ကျောင်းခုနစ်ကျောင်း၊ မူလွန်ကျောင်းလေးကျောင်း စုစုပေါင်း စာသင်ကျောင်း ၄၂ ကျောင်းရှိပြီးတော့ ဆရာဆရာမ ၁၃၅၇ ဦး၊ ကျောင်းသားကျောင်းသူ ၅၃၃၆၂ ဦးရှိသော မြို့နယ် ဖြစ်ပါသည်။ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူးများသည် မြို့နယ်ပညာရေးရုံးတွင် ရုံးစိုက်၍ တစ်မြို့နယ်လုံးမှာရှိတဲ့ ကျောင်းများ၊ ကျောင်းအုပ်ဆရာဆရာမကြီးများအပါအဝင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ပညာရေးမူဝါဒ၊ လမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်း များနှင့်အညီ စီမံခန့်ခွဲရသောရုံးဖြစ်ပါသည်။

သို့အတွက် အစည်းအဝေးခန်းမ၊ သုတေသနခန်းမ၊ ကွန်ပျူတာခန်းမအပါအဝင် ခေတ်နှင့် လျော်ညီသော၊ သင့်တော်သည့်ရုံးခန်းများပါဝင်သော၊ လုံလောက်သောအကျယ်အဝန်းရှိသည့် ရုံးအဖြစ် တည်ဆောက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ ယခုလက်ရှိအဆောက်အဦမှာ လွန်စွာ ဟောင်းနွမ်းလျက်ရှိပြီး ဆက်လက်အသုံးပြုရန် မသင့်လျော်တော့သည့် အန္တရာယ်ရှိရုံးအဆောက်အဦ ဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပညာရေးမှူးရုံးအား အသစ်ပြန်လည်

တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားခွင့်ပြုပါရန်နှင့် Power Point အသုံးပြု ရှင်းလင်းဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးစာရင်းတွင် အန္တရာယ် ကျောင်းဆောင်များအား ဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန်ခြောက်ကျောင်း၊ စာကြည့်တိုက်ဆောက်လုပ်ရန် နှစ်ကျောင်းအား စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ပညာရေးမှူးရုံးတွင် အန္တရာယ်အဆောက်အဦ(၅၀ x ၃၀)ပေ သွပ်မိုး၊ အုပ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်နှင့် (၆၀ x ၃၀)ပေ Steel Structure တစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်း နှစ်ဆောင်ရှိပြီး ဝန်ထမ်းအင်အားမှာ စုစုပေါင်း ၁၈ ဦးရှိကြောင်း တင်ပြအပ်ပါတယ်။ သို့သော် မြေနေရာအား မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရရှိရေးအတွက် လျှောက်ထားဆဲဖြစ်ကြောင်း စိစစ်တင်ပြချက်ကို တင်ပြအပ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ဒါကတော့ အဆောက်အဦပုံစံဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ အန္တရာယ်ရှိအဆောက်အဦဖြစ်နေတဲ့အတွက် ဝန်ထမ်းတွေအတွက် အင်မတန်အန္တရာယ်များတဲ့ အဆောက်အဦဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးမြေနေရာတွင် မြေစာရင်းပုံစံ(၁၀၅/၁၀၆) ရရှိပြီးမှ ကျွန်တော်တို့က လုပ်ထုံးလုပ်နည်းနှင့်အညီ ငွေလုံးငွေရင်းတည်ဆောက်ရေးအတွက် စီမံကိန်းလုပ်ငန်းမှာ အဆိုပြုတင်ပြလို့ရမှာဖြစ်ပါတယ်။ ဒီမြေစာရင်းပုံစံ(၁၀၅/၁၀၆)ရရှိပြီးမှသာ အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီးတော့ (၉၀ ပေ x ၃၀ ပေ)မြေနေရာနှင့် လိုက်လျော

ညီထွေဖြစ်တဲ့ အတိုင်းအတာရှိသော RC သုံးထပ် Plinth Level သုံးပေ တစ်ဆောင်ကို ဆောက်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သောရန်ပုံငွေကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ရဲ့ ငွေလုံးငွေရင်း တည်ဆောက်ရေးစာရင်းမှာ ရန်ပုံငွေရရှိမှုအခြေအနေပေါ်မှာမူတည်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ ထည့်သွင်းလျာထားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ မိုက်ပေးပါ။

ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပညာရေးမှူးရုံးအပါအဝင် ကျောင်း ၁၈ ကျောင်းကို မြေဂရန်ရရှိရေးအတွက် ကြယ်ပွင့်မပြမေးခွန်း မေးတဲ့နေရာမှာ ပညာရေးဝန်ကြီးမှ ပြန်လည်ဖြေကြားထားပါတယ်။ တိုင်းပညာရေးမှူးရုံးကနေပြီးတော့ စည်ပင်သာယာမြေစာရင်းဌာနနဲ့ဆက်စပ်ပြီး ဒီနှစ်မှာ အပြီးဆောင်ရွက်ပါမယ်လို့ ဖြေကြားထားတာ ဖြစ်ပါတယ်။ သို့အတွက် ကျွန်တော့်အနေနဲ့ အခု မြို့နယ်ပညာရေးမှူးရုံးဟာ မဖြစ်မနေဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ၂၀၂၀-၂၀၂၁ ခုနှစ်မှာ တည်ဆောက်ပေးမည်ဟု ကတိကဝတ်ပြုပေးနိုင်ပါက ပြုပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ထပ်ဆင့်မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန်ဖြစ်ပါတယ်။

ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရရှိဖို့ဆိုတာ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြပြီး အတည်ပြုချက်တွေရရှိရေး ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ပညာရေးဝန်ကြီးဌာနကတော့ ဘယ်တော့ဂရန်ရမလဲဆိုတာတော့ ကျွန်တော်တို့ ကတိပြုဖို့လို့အတွက်က အင်မတန်ခက်ခဲပါတယ်။ ဒီပုံစံ(၁၀၅/၁၀၆)ရရှိပြီဆိုတာနဲ့ အဆောက်အဦတည်ဆောက်ခွင့်ရရှိရေးကိုတော့ ပညာရေးဝန်ကြီးဌာနက လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများနှင့် လုပ်ထုံးလုပ်နည်းနှင့် အညီ ပူးပေါင်းပြီးတော့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ကျောင်းဆောင်သစ် လိုအပ်ချက်များ ဖြည့်ဆည်းရာတွင် အမှန်တကယ်လိုအပ်သော ကျောင်းများကို ဦးစားပေးဖြည့်ဆည်းပေးနိုင်ရေး အတွက် မူဝါဒပြုပြင်ပြောင်းလဲပြီး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်း မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့မေးမြန်းသွားမယ့်မေးခွန်းကတော့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ကျောင်းဆောင်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတဲ့နေရာမှာ အမှန်တကယ်လိုအပ်တဲ့ကျောင်းတွေ ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မူဝါဒပြင်ဆင်ပြီးဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်းကတော့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးအတွက် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှချပေးတဲ့ကျောင်းဆောင်တွေထဲ မှာ ကျွန်တော်တို့ ထီးလင်းမြို့နယ်ဟာ ကျောင်းဆောင်နှစ်ဆောင်တည်းရရှိပြီး အင်မတန်နည်းလွန်း တယ်။ မျှတမှုမရှိဘူးလို့ ယူဆမိတဲ့အတွက် မေးရတာဖြစ်ပါတယ်။ တခြားအများကြီး ရတဲ့မြို့နယ်တွေ အတွက်လည်း မုဒိတာပွားပြီးမေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေမှ ကျောင်းဆောင်အရေအတွက် ၂၆၂ ဆောင်ရရှိခဲ့ပြီး အောင်လံမြို့နယ်က ကျောင်းဆောင် ၂၄ ဆောင်ရရှိပြီး အားလုံးရဲ့ ၉.၁၆ ရာခိုင်နှုန်းအထိရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်တို့အောင်လံမြို့နယ်က ကျောင်းသူကျောင်းသားများအတွက် မုဒိတာပွားရပါတယ် ခင်ဗျား။ ကျွန်တော်တို့ ထီးလင်းမြို့နယ်ကျတော့ ကျောင်းဆောင်အရေအတွက်နှစ်ဆောင်ပဲရရှိပြီး အားလုံးရဲ့ ၀.၇၆ ရာခိုင်နှုန်းသာရရှိပြီး တစ်ရာခိုင်နှုန်းတောင်မရှိတာကို စိတ်မကောင်းစွာ တွေ့ရပါ တယ်။ ဒုတိယအနေနဲ့ စေတုတ္တရာမြို့နယ်နှင့် ကံမမြို့နယ်ဖြစ်ပြီး လေးဆောင်စီရရှိပါတယ်။ တတိယကတော့ သရက်နှင့် ရေနံချောင်းမြို့နယ်ဖြစ်ပြီး ငါးဆောင်စီပဲ ရရှိတာကို တွေ့ရပါတယ်။ ခရိုင်အလိုက်နဲ့ဆိုရင် ပခုက္ကူခရိုင်က ၇၆ ဆောင်အများဆုံးဖြစ်ပြီး၊ ဂန့်ဂေါခရိုင်ကတော့ ၁၈ ဆောင် သာရရှိပြီး တတိယအများဆုံးရရှိတဲ့ ရေစကြိုမြို့နယ်တစ်မြို့နယ်သာ ရရှိတာကို တွေ့ရပါတယ်။ ဒါနဲ့ ဘယ်လိုမူတွေနဲ့တွက်ချက်ပြီးပေးတာလဲဆိုတာကို လေ့လာကြည့်တဲ့အခါမှာတော့ တစ်မြို့နယ်လုံး မှာရှိတဲ့ ထက်၊ လယ်၊ မူ ကျောင်းသားအရေအတွက်တွေနဲ့ ကျောင်းဆောင်တွေအပေါ်မှာ မူတည်ပြီး အဆင့်အလိုက် ကျောင်းသားတစ်ဦးချင်းမှာရှိရမယ့် အကျယ်အဝန်းနဲ့ အချိုးကျတွက်ချက်တဲ့မူနဲ့ ပေးတာဆိုတာကို ကျွန်တော်တို့သိရပါတယ်။ ကျွန်တော်တို့ထီးလင်းမြို့နယ်မှာ ကျောင်းသားဦးရေ ဟာ ၈၀၀၀ ကျော်သာရှိပြီး အသုံးပြုတဲ့ကျောင်းဆောင်အရေအတွက် ၁၉၈ ဆောင်ရှိနေပါတယ်။ ဒီ အပေါ်မှာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းသားတစ်ဦးအတွက် ၁၈ စတုရန်းပေ၊ မူလတန်းကျောင်းသားအတွက် ၁၂ စတုရန်းပေ အစရှိတဲ့ နှုန်းနဲ့တွက်ချက်ပြီး နှစ်ဆောင်တည်းသာ ချပေးကြောင်း သိရှိရပါတယ်။ နောက်တစ်ခုပြောချင်တာကတော့ ပညာရေးဝန်ကြီးဌာနရဲ့မူဝါဒတွေ၊

ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် ချမှတ်ထားတဲ့လုပ်ငန်းစဉ်တွေထဲမှာ ကျောင်းသူကျောင်းသား တွေ ပညာသင်ကြားရာမှာ အဆင်ပြေစေဖို့၊ စာသင်ခန်းတွေ၊ သင်ထောက်ကူပစ္စည်းတွေကို စီမံချက် ရေးဆွဲပြီး ဖြည့်ဆည်းပေးမယ်လို့လည်း ဆိုထားပါတယ်။ ဒ့ါအပြင် လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ အဆင်ပြေစေဖို့အတွက် အစိုးရအဖွဲ့တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်း တွေ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးမယ်လို့လည်း ပါရှိပါတယ်။ ဒ့ါအပြင် ပြင်ဆင်ထိန်းသိမ်း ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ ထိရောက်စေဖို့အတွက် ကျောင်းအလိုက် **Ground Data** တွေပြုစုပြီး ဦးစားပေးအလိုက်ဆောင်ရွက်မယ်လို့လည်း ပါရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လည်း အထက်ကတင်ပြခဲ့တဲ့အတိုင်းပဲ ကျောင်းဆောင်သစ် တွေတင်ပြတဲ့နေရာမှာ၊ ပြင်/ထိန်းကျောင်းတွေ တင်ပြတဲ့နေရာမှာ အမျိုးသားစီမံကိန်းဥပဒေမှာ ပါတဲ့ ပြဋ္ဌာန်းချက်တွေနဲ့အညီ၊ ဝန်ကြီးဌာနရဲ့လုပ်ငန်းစဉ်နဲ့အညီ ကိုယ်စားလှယ်တွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာဌာနဆိုင်ရာတွေအားလုံးစုပေါင်းပြီး **On Ground Data** တွေကို ကွင်းဆင်းကောက်ယူပြီးမှ အမှန်တကယ်လိုအပ်တဲ့ကျောင်းဆောင်တွေကို စီမံချက်ရေးဆွဲ ပြီး တင်ပြခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ၂၄ ဆောင်တင်ပြခဲ့ရာမှာ နှစ်ဆောင်တည်းသာရရှိတဲ့အတွက်ကြောင့် ကျောင်းဆောင်လိုအပ်ချက်ဟာ ကျွန်တော်တို့မြို့နယ် အတွက် အများကြီးလိုအပ်နေဆဲပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့မြို့နယ်ဟာ တောတောင် ထူထပ်ပြီး သွားလာရခက်ခဲတဲ့ လူနေကျဲပါးတဲ့ မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အချို့ကျောင်းတွေမှာ ကျောင်းသားဦးရေနည်းပါးပြီး ကျောင်းဆောင်မလိုအပ်သော်လည်း အချို့ ကျောင်းတွေမှာ ကျောင်းသားအရေအတွက်များပြီး အမှန်တကယ်ကျောင်းဆောင်လိုအပ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးလိုတာကတော့ တစ်မြို့နယ်လုံးကို ခြုံငုံသုံးသပ်ပြီး ကျောင်းသားဦးရေနှင့် ကျောင်းဆောင်အရေအတွက် အချိုးချတာမျိုးမဟုတ်ဘဲ အမှန်တကယ် လိုအပ်နေတဲ့ကျောင်းတွေကို ပေးနိုင်ဖို့အတွက် **Q2ground Data** ကောက်ခံချက်အရ ကျောင်းဆောင်သစ်ချပေးတဲ့မူကို ပြောင်းပြီး ကျောင်းဆောင်သစ်များချပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

ဥက္ကဋ္ဌ။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်း

နှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ ထီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြတ်လေးဦးရဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားခွင့်ပြုပါရန်နှင့် **Power Point** အသုံးပြုရှင်းလင်းဖြေကြားခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP ၂၀၁၆-၂၀၂၁) ရဲ့ အခန်း(၁၄) အပိုဒ် ၁၄.၄ မှာ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းကို ဘတ်ဂျက်စီးဆင်းမှုနှင့် တစ်ပြေးညီဖြစ်စေခြင်းဆိုတဲ့ အားလုံးအတွက် လူတိုင်းလည်းအကျိုးဝင်ရမည်။ မျှတမှုလည်း ရှိရမယ်ဆိုပြီးတော့ ဒီလိုရည်ရွယ်ချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ် ခင်ဗျား။ ပညာရေးဝန်ကြီးဌာနရဲ့ ရန်ပုံငွေလျာထားဆောင်ရွက်ရန် ရေးဆွဲဖော်ပြထားရှိပြီး ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ နှစ်အလိုက်ဦးစားပေးလုပ်ငန်းအစီအစဉ်မှာ မည်သည့်လုပ်ငန်းများကို အစိုးရမှ ပံ့ပိုးပြီး မည်သည့်လုပ်ငန်းတွေကို ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေ၊ အလှူရှင်တွေက ပံ့ပိုးမည်ဆိုတာကိုလည်း ကျွန်တော်တို့ လျာထားပြီးနှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ဘတ်ဂျက်လုပ်ငန်းတွေကို ပေါင်းစပ်ညှိနှိုင်းခြင်း၊ သာမန်အသုံးစရိတ် စီမံခန့်ခွဲခြင်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ်စီမံခန့်ခွဲခြင်းတွေကိုလည်း ပူးပေါင်းဆောင်ရွက်ပေးပါတယ်။ ဘတ်ဂျက်စီးဆင်းမှုအစမှာ အဆိုပြုတဲ့အခါမှာတော့ မြို့နယ်ပညာရေးမှူးတွေက ကျောင်းများနှင့် စစ်ဆေးရေးမှူးတွေရဲ့ အစီရင်ခံစာကိုအခြေခံပြီး အသုံးစရိတ်လိုအပ်ချက်တွေကို ပြင်ဆင်စီစဉ်ဆောင်ရွက်ပါတယ်။ အဲဒီအချက်အလက်တွေကို တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးများထံကို ဆက်လက်ပေးပို့တင်ပြပြီး၊ လေ့လာသုံးသပ်ပြီး၊ အကြံပြုချက်များ ထည့်သွင်းပြီးတော့ ပညာရေးဝန်ကြီးဌာနကို ဆက်လက်တင်ပြရပါတယ်။ ပညာရေးဝန်ကြီးဌာနက တင်ပြလာတဲ့ငွေလုံးငွေရင်းအဆိုပြုချက်တွေကို စိစစ်စုစည်းပြီးတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို တင်ပြဆောင်ရွက်ရပါတယ်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း ညှိနှိုင်းတိုင်ပင်ပြီးတဲ့နောက်မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက နောက်ဆုံးအဆိုပြုလွှာတွေကို လွှတ်တော်ကို တင်ပြနိုင်ဖို့အတွက်၊ အတည်ပြုချက်ရရှိဖို့လို့အတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်ရပါတယ်။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေနဲ့ ပညာသင်ယူမှုအခွင့်အလမ်းများနှင့် အရည်အသွေးနှင့်သာတူညီမျှမှုတို့ကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ဖို့လို့အတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပါ မဟာဗျူဟာများ အစီအစဉ်များနှင့် လုပ်ငန်းအစီအစဉ်တွေကို အကောင်

အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့အခါမှာ စနစ်သစ်ပညာရေး(KG+12) တန်းပညာရေးအရ ထပ်မံတိုးလာမယ့် စာသင်ခန်းအရေအတွက်များအရသော်လည်းကောင်း၊ နှစ်စဉ်တိုးတက်လာတဲ့ ကျောင်းသားဦးရေအရသော်လည်းကောင်း၊ စာသင်ခန်းလိုအပ်ချက်မြင့်မားလျက်ရှိတာကို စိစစ်တွေ့ရှိရပါတယ်။ စီမံကိန်းပါမဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များအရ လိုအပ်သောလုပ်ငန်းတွေကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အပြီးသတ်ဆောင်ရွက်ရမယ့်လုပ်ငန်းများ၊ မဖြစ်မနေဆောင်ရွက်ရမယ့်လုပ်ငန်းများ၊ အန္တရာယ်ရှိကျောင်းဆောင်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများ တိုးတက်လာသောကျောင်းသားဦးရေအရ လိုအပ်သည့် တိုးချဲ့ကျောင်းဆောင်များ၊ သိပ္ပံဆောင်များ၊ စာကြည့်တိုက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ခန်းမများ၊ သိုလှောင်ရုံများ၊ အားကစားခန်းမများ၊ အားကစားကွင်းများ စသဖြင့် ဦးစားပေးအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်ရှိ အထက်တန်းဆင့်သင်ကျောင်း ၁၅ ကျောင်း၊ အလယ်တန်းဆင့်သင်ကျောင်း ၃၈ ကျောင်း၊ မူလတန်းဆင့်သင်ကျောင်း ၄၂ ကျောင်း စုစုပေါင်းအခြေခံပညာကျောင်း ၉၅ ကျောင်းနှင့် အထက်တန်းဆင့်သင်ကျောင်းသားကျောင်းသူ ၁၆၉၀ ဦး၊ အလယ်တန်းဆင့်သင်ကျောင်းသားကျောင်းသူ ၃၁၅၁ ဦး၊ မူလတန်းဆင့်သင်ကျောင်းသားကျောင်းသူ ၃၄၂၉ ဦး စုစုပေါင်းကျောင်းသားကျောင်းသူ ၈၂၆၆ ဦးရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထီးလင်းမြို့နယ်မှာ လိုအပ်နေတဲ့ အဆောက်အဦလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့အတွက် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး မြို့နယ်အလိုက် ဦးစားပေးအစီအစဉ်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေဖြင့် လုပ်ငန်း ၁၇ ခု၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းငါးခု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်း ၁၁ ခု လျာထားဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၉-၂၀၂၀ တည်ဆောက်ရေးလုပ်ငန်းနှစ်ခုဖြစ်သော မူလွန်(ရေပုတ်)၌ (၆၀x ၃၀)ပေ Steel Structure တစ်ထပ်အသစ်ဆောက်လုပ်ရန် ငွေကျပ် ၃၇.၂၆ သန်း၊ အ.ထ.က(ထီးလင်း)ရှိ အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီး (၁၀၀x ၃၀)ပေ Steel Structure နှစ်ထပ်အသစ်ဆောက်လုပ်ရန် ငွေကျပ် ၁၂၄.၂ သန်း ထည့်သွင်းလျာထားဆောင်ရွက်ခဲ့ပါတယ်။ နှစ်ထပ်စာသင်ဆောင်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ စာသင်ခန်းခြောက်ခန်းပါပါတယ်။ တစ်ထပ်စာသင်ဆောင်ကတော့ ၆၀ ပေ x ၃၀ ပေဖြစ်တဲ့အတွက် နှစ်ခန်းပါဝင်ကြောင်း တင်ပြအပ်ပါ တယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးရမယ့်အခြေခံပညာကျောင်းတစ်ကျောင်းချင်းအလိုက် စာသင်ခန်းလိုအပ်ချက်များ၊ အဆောက်အဦလိုအပ်ချက်တွေကို စာရင်းပြုစုထားရှိပြီးဖြစ်သော်လည်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ပညာရေးဝန်ကြီးဌာနအတွက် ခွဲဝေ

ရရှိတဲ့ နှစ်စဉ်ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရခြင်းဖြစ်တဲ့အတွက် လိုအပ်ချက်တွေကို မြို့နယ်တစ်ခုချင်းအလိုက် အညီအမျှဆောင်ရွက်နိုင်ရန် မြို့နယ်အလိုက် Ceiling Figure များခွဲပြီး ၎င်းဦးစားပေးအစီအစဉ်အရ မူဝါဒချမှတ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းဆောင်လိုအပ်ချက်များ ဖြည့်ဆည်းပေးရာမှာ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုခဲ့သော ငွေလုံးငွေရင်းတည်ဆောက်ရေး Ceiling အား မြို့နယ်အလိုက် ကျောင်းဦးရေနှင့် ကျောင်းသားဦးရေပေါ်မှာ မူတည်ပြီး ပျမ်းမျှတွက်ချက်ပါတယ်။ ဒီနှစ်ခုရဲ့ပျမ်းမျှအပေါ်မှာ မူတည်ပြီးတော့မှ ထပ်မံပြီးပျမ်းမျှရာခိုင်နှုန်းတွက်ချက်ပြီးတော့မှ ကျောင်းသားဦးရေနည်းနေတဲ့ မြို့နယ်တွေဆိုလို့ရှိရင် ကျောင်းဦးရေအပေါ်မှာ ပျမ်းမျှပြန်ယူတဲ့ အတွက်ဒီနှစ်ခုအပေါ်မှာ ကျောင်းဦးရေနဲ့ ကျောင်းသားဦးရေအပေါ်မှာ ပျမ်းမျှယူသောရာခိုင်နှုန်းကို ပျမ်းမျှပြန်ယူတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ဒါမြို့နယ်အလိုက်ကို မျှတမှုရှိသော ပျမ်းမျှရာခိုင်နှုန်းအပေါ်မှာ အခြေခံပြီး အဆိုပါရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ ဦးစားပေးအစဉ်အလိုက် တင်ပြလာတဲ့ လုပ်ငန်းတွေကိုထည့်သွင်းလျာထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက်မှာ လိုအပ်နေတဲ့စာသင်ဆောင်ဦးရေဟာ ဆိုလို့ရှိရင်လည်းပဲ ကျွန်တော်တို့ Power Point မှာတင်ပြထားတဲ့အတိုင်းပဲ ကချင်ပြည်နယ်မှာ ၁၆၄၇၊ မကွေးတိုင်းဒေသကြီးမှာဆိုရင် ကျောင်းဆောင်ပေါင်း ၆၀ ပေ၊၃၀ ပေ ၃၀၉၁ ဆောင်လိုအပ်ပါတယ်။ ဒီ ၆၀ ပေ၊ ၃၀ ပေ စာသင်ခန်းနှစ်ခန်းပါတဲ့အတွက် ကျွန်တော်တို့ဒါ မကွေးတိုင်းဒေသကြီးမှာဆိုရင်စာသင်ခန်းပေါင်း ၆၀၀၀ ကျော်လိုနေတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ထီးလင်းမြို့နယ်ကို ဖြည့်တယ်ဆိုရာမှာလည်း ကျောင်းဆောင်သည် နှစ်ဆောင်ပဲပါတယ်ဆိုသော်လည်း ၆၀ ပေ၊ ၃၀ ပေ ဟာစာသင်ခန်းနှစ်ခန်းပါပါတယ်။ အာဆီနှစ်ထပ်သည် ခြောက်ခန်းပါတဲ့အတွက် ရှစ်ခန်းကျွန်တော်တို့က ဖြည့်ဆည်းတဲ့အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒါလေးကိုကျွန်တော်တို့တင်ပြလိုပါတယ်။ တစ်နိုင်ငံလုံးမှာဆိုရင် စာသင်ဆောင် ၆၀ ပေ x ၃၀ ပေ ၄၅၁၂၉ ဆောင်လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီအဓိပ္ပာယ်သည် တစ်နိုင်ငံလုံးမှာ စာသင်ခန်းပေါင်း အခန်းနဲ့တွက်မယ်ဆိုရင် နှစ်နဲ့မြှောက်လိုက်ရင် ကိုးသောင်းကျော်လိုနေတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သို့သော် ကျွန်တော်တို့အနေနဲ့ နှစ်စဉ်လည်းပဲ ခွင့်ပြုဘဏ္ဍာငွေအရ တည်ဆောက်ရေးလုပ်ငန်းတွေကို တိုးချဲ့စီစဉ်ဆောင်ရွက်လိုသော်လည်းပဲ မြေပြင်ပေါ်မှာလည်းပဲ ကျွန်တော်တို့ တင်ဒါခေါ်ရတဲ့လုပ်ငန်းတွေ အဆောက်အဦကို အရည်အသွေးနဲ့ အချိန်မီပြီးစီးအောင်လုပ်ငန်း လုပ်ရတာတွေဟာလည်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ဒီဟာတွေကို ကျွန်တော်

တို့ဖြည့်ဆည်းဆောင်ရွက်ပေးဖို့အတွက်မှာ လွှတ်တော်ကိုယ်စားလှယ်များနဲ့ရော တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ရော ပြည်သူတွေနဲ့ရော ဒါကိုပူးပေါင်းဆောင်ရွက်ပြီး ကျွန်တော်တို့လိုအပ်ချက်တွေကို ဆက်လက်ပြီး ဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းလေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

တောင်တွင်းကြီးမြို့ပေါ်ရှိ ရွှေအိုး(၂)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းသည် ကျောင်းဝိုင်းမြေကျဉ်းမြောင်းခြင်းနှင့် အဆောက်အအုံများ သက်တမ်းရင့်အိုမင်းနေခြင်းတို့ကြောင့် လေးထပ်ကျောင်းဆောင်တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ပေါ်ရှိ ရွှေအိုး(၂)ရပ်ကွက် အခြေခံ ပညာမူလတန်းကျောင်းကို ကျောင်းဝိုင်းမြေကျဉ်းမြောင်းခြင်းနှင့် အဆောက်အဦများ သက်တမ်းရင့် အိုမင်းနေခြင်းတို့ကြောင့် လေးထပ်ကျောင်းဆောင်တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကြောင်းကျိုးဖော်ပြချက်ကတော့ တောင်တွင်းကြီးမြို့၊ ရွှေအိုး(၂) အခြေခံပညာမူလတန်းကျောင်းဟာ ၁၉၆၄ ခုနှစ်ကပင် စတင်တည်ဆောက်ခဲ့သော ကျောင်းဖြစ်ပါတယ်။ ရွှေအိုးတောင်၊ ကွင်းအမှတ်(၂)၊ ဦးပိုင်အမှတ်(၁၇၁)၊ ဧရိယာအကျယ်အဝန်းကတော့ ဝ.၁၇၁ မျှ သာဖြစ်ပါတယ်။ ရွှေအိုးရပ်ကွက် အ.မ.က အဖြစ်လည်းအသုံးပြုထားပါတယ်။ ကျောင်းဝိုင်းအဖြစ်နဲ့ အသုံးပြုထားတဲ့မြေဟာ အလွန်ကျဉ်းမြောင်းပြီးတော့ မြို့လယ်လူစည်ကားတဲ့ဈေးအနီးဖြစ်တဲ့ အတွက်ကြောင့် ကျောင်းဝိုင်းမြေနေရာကို ထပ်မံတိုးချဲ့ပြီး ဝယ်ယူနိုင်ရန်လည်း လုံးဝမဖြစ်တော့ပါဘူး။ မြေနေရာကျဉ်းမြောင်းနေတဲ့အတွက်ကြောင့် ကျောင်းအားကစားကွင်းတောင်မရှိပါဘူး။ ဒီလိုကျဉ်းမြောင်းလှတဲ့ကျောင်းဝိုင်းအတွင်းမှာ ကျောင်းဆောင်သုံးဆောင်ကို ပူးကြပ်စွာ ဆောက်လုပ်ထားပါတယ်။ အဲဒီက အဆောင်များကတော့ ကျောက်စိမ်းဆောင်၊ ပတ္တမြားဆောင်၊ နီလာဆောင်တို့ ဖြစ်ပါတယ်။ အဲဒီထဲမှာ အဆောင်သုံးဆောင်မှာ စာသင်ခန်းပေါင်း ၁၀ ခန်း ရှိပါတယ်။ စာသင်ဆောင် သုံးဆောင်ထဲမှ ပတ္တမြားဆောင်ဟာ အုတ်တိုက်အမျိုးအစားဖြစ်ပြီးတော့ ၁၉၈၁ ခုနှစ်က တောင်တွင်းကြီးမြို့လုံးကျွတ်နီးပါးလောင်ကျွမ်းခဲ့တဲ့မီးဘေးမှာ မီးဘေးသင့်ခံခဲ့ရတဲ့အဆောင်ဖြစ်ပါ တယ်။ မီးဘေးသင့်ခဲ့သော်လည်းပဲ ထိုတိုက်ကြီးရဲ့ထုထည်ခိုင်ခန့်မှုကြောင့် ထိုစဉ်အချိန်အခါက မိဘ များက ပြန်လည်ပြင်ဆင်ပြီး

05-11-2019(Record)

အသုံးပြုထားရာမှာ ၁၉၈၁ ခုနှစ်ကနေပြီး ယနေ့အချိန်အထိ ဖြစ်ပါတယ်။ ကျန်အခြားအဆောင်နှစ်ဆောင်မှာလည်း ဥပမိရုပ်မကောင်းတဲ့ကျောင်းဆောင်များ ဖြစ်ပါ တယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ကျောင်းသားဦးရေ KG မှစပြီး စတုတ္ထတန်းအထိ ၃၅၇ ဦးရှိပါတယ်။ ဤမူလတန်း ကျောင်းကို ကျောင်းသားဦးရေအရ မူလတန်းလွန်ကျောင်းအဖြစ် လွန်ခဲ့သောသုံးနှစ်က အဆင့် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သော်လည်းပဲ ကျောင်းခန်း၊ ကျောင်းဆောင်လိုအပ်ချက်အရ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းစတဲ့ မူလွန်အဆင့်ကို တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း လုံးဝမရှိခဲ့ပါဘူး။ သို့ပါသော ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာ ကတော့ (၁) မူလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ခံခဲ့ရသော်လည်း မတိုးမြှင့်နိုင်ခဲ့ခြင်း၊ (၂) မီးဘေးသင့် ခံခဲ့ရသော အဆောက်အဦဟောင်းကြီးကို ပြုပြင်ပြီး ကျောင်းဆောင်အဖြစ် အသုံးပြုလာသည်မှာ ၁၉၈၁ ခုနှစ်မှစ၍ ယခုအချိန်အထိဖြစ်ခြင်း၊ (၃) ကျောင်းဝိုင်းမြေနေရာကျဉ်းမြောင်းလွန်းခြင်း၊ ကျောင်းဝိုင်းမြေကိုလည်း ထပ်မံချဲ့ထွင်ဝယ်ယူရန်မဖြစ်နိုင်ခြင်း၊ (၄) ကျောင်းဝိုင်းကျဉ်းမြောင်းမှုကို အခြေခံ၍ ကျောင်းဆောင်များကို ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့ရာ ကျောင်းပုံစံစနစ်မကျခြင်း စသည်တို့ကြောင့် ရွှေအိုး(၂)မူလတန်းကျောင်းနေရာမှာ လေးထပ်ဆောင်တစ်ခုထပ်မံဆောက်လုပ် ပေးပါရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ဒီကျောင်းရဲ့အခြေအနေကို ထပ်မံပြီးသိကြရန် Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစား စွာတင်ပြအပ်ပါတယ်။ မီးလောင်ခံထားရတဲ့ ကျောင်းဖြစ်ပါတယ်။ ယိုယွင်းပျက်စီးနေတဲ့နှစ်ထပ် ဆောင်နှင့် လှေကားများဖြစ်ပါတယ်။ ရင့်ကျက်လှတဲ့အဆောင်များဖြစ်ပါတယ်။ ကျဉ်းကြပ်လှတဲ့ စာသင်ခန်းများဖြစ်ပါတယ်။ အခန်းလေးတွေ ကန့်ထားရတာ မြင်တဲ့အတိုင်းပါပဲ။ ဖိနပ်တောင် ထားစရာနေရာမရှိပါဘူး။ ကျဉ်းကြပ်စွာစာသင်နေရပုံ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

ဖြေကြားချက်

ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားခွင့်ပြုပါရန်နှင့် Power Point အသုံးပြုဖြေကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ရွှေအိုး(၂) ရပ်ကွက်ရှိ ရွှေအိုး(၂)အခြေခံပညာမူလတန်းကျောင်းရဲ့ကျောင်းအဆင့်ကတော့ ရွှေအိုး(၂) အခြေခံပညာ မူလတန်းလွန်ကျောင်း ဖြစ်ပါတယ်။ တောင်တွင်းကြီးမြို့၊ ရွှေအိုး(၂) အခြေခံပညာမူလတန်းလွန် ကျောင်းသည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းကျောင်းမှ အခြေခံပညာ မူလတန်းလွန်ကျောင်းအဖြစ်အဆင့်တိုးမြှင့်ခဲ့ပြီး ဖြစ်ပါတယ်။ စာသင်ခန်းလိုအပ်ချက်အရ အလယ်တန်းအဆင့်သင် အတန်းတွေကို ဖွင့်လှစ်သင်ကြားပေးနိုင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါ တယ်။ အဆိုပါကျောင်းတွင် ကျောက်စိမ်းဆောင် ၄၅ ပေ x ၃၆ ပေ အုတ်ညှပ်နှစ်ထပ်ဆောင် တစ်ဆောင်၊ ပတ္တမြားဆောင် ဥပဓိရုပ်မကောင်း ၅၄ ပေ x ၂၄ ပေ အုတ်ညှပ်နှစ်ထပ်ဆောင် တစ်ဆောင်၊ နီလာဆောင် ဥပဓိရုပ်မကောင်း ၅၄ ပေ x ၂၁ ပေ အုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်း စာသင်ဆောင်သုံးဆောင်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရွှေအိုး(၂)အခြေခံပညာမူလတန်း လွန်ကျောင်းတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကျောင်းသားအင်အားစာရင်းအရ သူငယ်တန်းတွင် ၆၁ ဦး၊ မူလတန်းကျောင်းသားကျောင်းသူစုစုပေါင်း ၃၅၉ ဦးရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ကျောင်းအဆောက်အဦပုံစံတွေ ဖြစ်ပါတယ်။ ဒါကလည်း ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါက ကျောင်းဆောင်ဖြစ်ပါတယ်။ ဒါက ကျောင်းဆောင်ပုံ ဖြစ်ပါတယ်။ ပတ္တမြားကျောင်းဆောင်ကတော့ ဥပဓိရုပ်မကောင်းတဲ့ ကျောင်းဆောင်ဖြစ်ပါကြောင်း တင်ပြအပ်ပါ တယ်။ ဒါက ပတ္တမြားကျောင်းဆောင်ရဲ့ပုံ ဖြစ်ပါတယ်။ အခုနကလည်း တင်ပြပြီးသားဖြစ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ နီလာကျောင်းဆောင်ဖြစ်ပါတယ်။ ဒါကလည်းပဲ ဥပဓိရုပ်မကောင်းတဲ့ ကျောင်းဆောင်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကလည်း နီလာကျောင်းဆောင်ရဲ့ဘေးရဲ့ပုံ ဖြစ်ပါ တယ်။ အဆိုပါကျောင်းရဲ့မြေဧရိယာဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ ၀.၁၇၁ ဧက ကျယ်ဝန်းတဲ့အတွက်ကြောင့်မို့လို့ ထပ်မံတိုးချဲ့ဖို့လို့အတွက်ကတော့ ခက်ခဲတာကို တွေ့ရှိရပါတယ်။ ပြီးရင် ရွှေအိုး(၂)မူလတန်းလွန်ကျောင်းသည် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (တောင်တွင်းကြီး)နှင့် ခန့်မှန်းခြေ ကိုက် ၅၀၀ ခန့်သာ ကွာဝေးကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိ စာသင်ခန်းအရေအတွက်နှင့် ကျောင်းသားဦးရေအရကတော့ လုံလောက်မှုရှိနေသေးတာကို စိစစ် တွေ့ရှိရပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ မြို့ပေါ်ကျေးလက်ဒေသတွေမှာရှိတဲ့ ကလေးအားလုံး ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူမှုအခွင့်အလမ်းတွေ ပိုမိုကောင်းမွန်စွာ ရရှိဖို့လို့အတွက်ကို ကြိုးပမ်းအကောင်အထည်ဖော်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆောက်အဦတွေနဲ့ ပရိဘောဂပစ္စည်းတွေကိုလည်း ထိရောက်စွာဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိပြီးတော့ စာသင်ခန်း တွေ၊ အဆောက်အဦတွေ ဖြည့်ဆည်းဆောင်ရွက်ပေးရာမှာလည်း

အမှန်တကယ်လိုအပ်နေတဲ့ ကျောင်းတွေအတွက် နှစ်စဉ်ခွင့်ပြုရန်ပုံငွေအပေါ်မှာမူတည်ပြီး မြို့နယ်တစ်ခုချင်းစီရဲ့ဦးစားပေး အစီအစဉ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်တွင်းကြီးမြို့၊ ရွှေအိုး(၂)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် လေးထပ်ကျောင်းဆောင်ဆောက်လုပ်ပေးနိုင်ရန်အတွက် အဆိုပါရပ်ကွက်အတွင်း တည်ရှိသည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(တောင်တွင်းကြီး)ရဲ့ ကျောင်းသားဝင်ဆံ့အင်အား၊ အဆောက်အဦ အခြေအနေ၊ ပရိဘောဂပြည့်စုံမှုတို့ကို ထည့်သွင်းစဉ်းစား၍လည်းကောင်း၊ ကျောင်းမြေနေရာအနေအထားအရလည်းကောင်း၊ စာသင်ခန်းနှင့် ကျောင်းသားဦးရေအရလည်းကောင်း၊ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အရလည်းကောင်း လာမည့်ဘဏ္ဍာရေးနှစ်တွင် လေးထပ်ကျောင်းဆောင် ထည့်သွင်းလျာထားနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစား စွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အစိုးရအခြေခံပညာကျောင်းများတွင် တိုင်းရင်းသားလူမျိုးများအလိုက် တိုင်းရင်းသားဘာသာစာပေ ကျောင်းသုံးသင်ရိုးပုံနှိပ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေပေးရန်နှင့် သင်ထောက်ကူပစ္စည်းများလိုအပ်လာပါက မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့မေးမြန်းလိုတာကတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အစိုးရအခြေခံပညာကျောင်းများမှာ တိုင်းရင်းသားလူမျိုးများအလိုက် မိခင်ဘာသာစာပေစကားနှင့် အချိန်ပိုင်းသင်ကြားခြင်းကို ခွင့်ပြုပေးလျက်ရှိရာ တိုင်းရင်းသားဘာသာစာပေသင်ကြားလျက်ရှိတဲ့ ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများအတွက် တိုင်းရင်းသားလူမျိုးများအလိုက်၊ အတန်းအလိုက် တိုင်းရင်းသားဘာသာသင်ရိုးကျောင်းသုံးပုံနှိပ်စာအုပ်များကို နိုင်ငံတော်အစိုးရက တာဝန်ယူပုံနှိပ်ပြီး လိုအပ်ချက်များနှင့်အညီ အခမဲ့ဖြန့်ဝေပေးရန်အစီအစဉ်ရှိ/မရှိနှင့် တိုင်းရင်းသားလူမျိုးအလိုက် တိုင်းရင်းသားဘာသာစာပေကျောင်းသုံးသင်ရိုးပုံနှိပ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေပေးရန်နှင့် သင်ထောက်ကူပစ္စည်းများလိုအပ်လာပါက မည်ကဲ့သို့ဆောင်ရွက်ရမည်ကို အသေးစိတ်တိကျရှင်းလင်းစွာ သိလိုပါကြောင်း တင်ပြမေးမြန်းခြင်းဖြစ်ပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့ မြို့နယ်ခန်းမမှာ ၅-၇-၂၀၁၉ ရက်နေ့က ကျင်းပပြုလုပ်တဲ့ မြို့နယ်

အဆင့်ဌာနဆိုင်ရာများနှင့် ပြည်သူလူထုတွေ့ဆုံပွဲအခမ်းအနားမှာ ပြည်သူတစ်ဦးက အစိုးရအခြေခံပညာသင်ကျောင်းများမှာ အချိန်ပိုင်းအလိုက် ရှမ်းတိုင်းရင်းသားဘာသာစာပေများ သင်ကြားပေးလျက်ရှိရာမှာ သင်ကြားရေးဆရာဆရာမများကို နိုင်ငံတော်ကနေပြီးတော့ နေ့တွက်စရိတ်ထောက်ပံ့ပေးပြီးတော့လည်းကောင်း၊ သင်ကြားရေးအထောက်အကူပြုဆရာဆရာမများခန့်အပ်၍လည်းကောင်း သင်ကြားစေခြင်းများကို ဆောင်ရွက်လျက်ရှိရာ အဆင်ပြေမှုရှိသော်လည်း သင်ထောက်ကူပစ္စည်းများနှင့် ရှမ်းဘာသာစာပေကျောင်းသုံးသင်ရိုးပုံနှိပ်စာအုပ်များ လိုအပ်လျက်ရှိနေတဲ့အတွက် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း တင်ပြမေးမြန်းခဲ့ကြပါတယ်။

မိုင်းရယ်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု ငါးအုပ်စုဖြစ်တဲ့ မိုင်းဟပ်မန်ပုံကျေးရွာအုပ်စု၊ မိုင်းဟိန်းကျေးရွာအုပ်စု၊ မန်ကျူကျေးရွာအုပ်စု၊ မန်ကျောင်းကျေးရွာအုပ်စုနှင့် နားဝကျေးရွာအုပ်စု ငါးအုပ်စုမှာ အစိုးရအခြေခံပညာကျောင်းများမှာ ရှမ်းတိုင်းရင်းသားဘာသာစာပေနှင့်အချိန်ပိုင်းသင်ကြားလျက်ရှိတဲ့ ကျောင်းသားကျောင်းသူပေါင်း ၁၃၅၀ ဦးခန့်ရှိပြီးတော့ ရှမ်းတိုင်းရင်းသားသာဘာသင်ရိုးပုံနှိပ်စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်လျက်ရှိနေပါကြောင်း တစ်မြို့နယ်လုံးအနေနဲ့လည်း လိုအပ်ချက်ရှိနေပါကြောင်း တင်ပြချက်များအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းတိုင်းရင်းသားဘာသာစာပေ ကျောင်းသုံးသင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ်များကို ဘာသာအလိုက်၊ အတန်းအလိုက် သက်ဆိုင်ရာရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီများနှင့် ရှမ်းစာပေပညာရှင်များက စုပေါင်းပြုစုထားတဲ့ သင်ရိုးပုံနှိပ်စာအုပ်များရှိပြီးဖြစ်သော်လည်း အစိုးရအခြေခံပညာကျောင်းများမှာ သင်ကြားသင်ယူလျက်တဲ့ ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများအတွက် နိုင်ငံတော်မှပုံနှိပ်ထုတ်ဝေဖြန့်ဖြူးပေးနိုင်သေးခြင်းမရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တိုင်းရင်းသားဘာသာစာပေ မိခင်ဘာသာစကားနှင့် အစိုးရအခြေခံပညာကျောင်းများမှာ အချိန်ပိုင်းသင်ကြားသင်ယူနေကြတဲ့ ကျောင်းသားကျောင်းသူများနဲ့ ဆရာဆရာမများအတွက် တိုင်းရင်းသားဘာသာအလိုက်၊ အတန်းအလိုက် ပုံနှိပ်စာအုပ်များရိုက်နှိပ်ထုတ်ဝေပေးရန်အတွက်လည်းကောင်း၊ သင်ထောက်ကူပစ္စည်းများ လိုအပ်လာတဲ့အခါမှာလည်းကောင်း နိုင်ငံတော်အစိုးရမှ ထောက်ပံ့ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်မှုအခြေအနေနဲ့ ဆောင်ရွက်ရမယ့်နည်းလမ်းတို့ကို အသေးစိတ်တိကျရှင်းလင်းစွာသိရှိပြီး ပြည်သူများနဲ့ သက်ဆိုင်ရာစာပေယဉ်ကျေးမှုအသင်းအဖွဲ့တို့ကို ပြန်လည်ရှင်းလင်းတင်ပြနိုင်ရန်အတွက် အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုပါရန်နှင့် Power Point အသုံးပြုရှင်းလင်းဖြေကြားခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းရှိ အစိုးရအခြေခံပညာကျောင်းများတွင် တိုင်းရင်းသားလူမျိုးများအတွက် တိုင်းရင်းသားဘာသာစာပေနှင့် ဘာသာစကားတွေကို အချိန်ပိုင်းသင်ကြားပေးဖို့အတွက်ကို ကျွန်တော်တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသားပညာရေးဥပဒေအရ တိုင်းရင်းသားဘာသာစာပေကို သင်ကြားဖို့ဆိုတာသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်ရသောလုပ်ငန်းဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ အခြေခံပညာသင်ရိုးညွှန်းတမ်းအညွှန်းပေါ်မှာဆိုလို့ရှိရင် ဒေသသင်ရိုးတွေကိုသတ်မှတ်ထားပါတယ်။ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းမှာတော့ ဒေသသင်ရိုးသည် တိုင်းရင်းသားဘာသာနှင့်စာပေဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ စတုတ္ထတန်းကနေ နဝမတန်းအထိကတော့ သူ့ရဲ့သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရဲ့ ပထဝီ၊ သမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာနဲ့ စီးပွားရေးဘာသာရပ်တွေကို သင်ကြားနိုင်ကြောင်း တင်ပြအပ်ပါတယ်။ အထက်တန်းဖြစ်တဲ့ ဒသမတန်း၊ ဧကဒသမတန်း၊ ဒွါဒသမတန်းတွေမှာတော့ ဒီဒေသသင်ရိုးကို ကျောင်းသားကျောင်းသူတွေအတွက် ကွန်ပျူတာနဲ့ ဒေသနဲ့လိုက်လျောညီထွေဖြစ်တဲ့ အကြိုသက်မွေးသင်တန်းတွေဟာ အရေးကြီးတဲ့အတွက်ကြောင့် မို့လို့ ကျွန်တော်တို့တစ်တွေရဲ့ အခြေခံပညာသင်ရိုးညွှန်းတမ်းအညွှန်းဘောင်မှာ ထိုကဲ့သို့သတ်မှတ်အတည်ပြုထားပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

သို့သော် ပညာရေးဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းသားဘာသာနှင့်စာပေတွေကို မူလတန်းကျောင်းသားကျောင်းသူတွေ အထူးသဖြင့် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကျောင်းသားကျောင်းသူတွေ သင်ယူနိုင်ဖို့အတွက် ဆရာဆရာမတွေနဲ့ တိုင်းရင်းသားလူမျိုးများအလိုက်၊ အတန်းအလိုက် တိုင်းရင်းသားဘာသာသင်ရိုး၊ ကျောင်းသုံးပုံနှိပ်စာအုပ်တွေကို သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက ပြုစုပြီးတော့မှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက အတည်ပြုပြီးတော့ ပညာရေးဝန်ကြီးဌာနကို ညှိနှိုင်းလာလို့ရှိရင် ပညာရေးဝန်ကြီးဌာနက

တာဝန်ယူပုံနှိပ်၍ အခမဲ့ပုံနှိပ်ဖြန့်ဝေပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အခြေခံပညာကျောင်းပေါင်း ၁၂၄၈၈ ကျောင်းမှ မူလတန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကျောင်းသားကျောင်းသူစုစုပေါင်း ၇၆၆၇၃၁ ဦးကို တိုင်းရင်းသားဘာသာစကားသင်ဆရာဆရာမ စုစုပေါင်း ၂၀၁၉၉ ဦးနှင့် သင်ကြားမှု အထောက်အကူပြု(Teaching Assistant) နေ့စားလစေး Teaching Assistant ကတော့ တိုင်းရင်းသားဘာသာစကားကိုလည်း သင်ကြားပို့ချရမယ်။ ကျောင်းမှာဆရာဆရာမလိုအပ်နေလို့ ရှိရင်လည်းပဲ သူသည် မူလတန်းကျောင်းသားကျောင်းသူတွေကို စာသင်ကြားပို့ချဖို့ဆိုပြီးတော့ ၂၀၁၆ ခုနှစ်စတင်ပြီး စီစဉ်ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်ပါတယ်။

ကျွန်တော်တို့ ယနေ့အထိ ခန့်ထားပြီးတဲ့ Teaching Assistant ဆရာဆရာမစုစုပေါင်း ၁၁၇၁၈ ဦးကို တိုင်းရင်းသားဘာသာစကားများ ကျောင်းသားကျောင်းသူတွေ သင်ယူတတ်မြောက်နိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတွေနဲ့ပူးပေါင်းညှိနှိုင်းပြီးတော့မှ ပညာရေးဝန်ကြီးဌာနက ခန့်ထားပေးခြင်းကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မနေ့က ဆိုရင်လည်းပဲ ပညာရေးဝန်ကြီးဌာနမှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်ပူးပေါင်းပြီးတော့ တိုင်းရင်းသားရေးရာဝန်ကြီးတွေကို ဖိတ်ခေါ်ပြီးတော့ နောက်ထပ်လိုအပ်နေတဲ့ Teaching Assistant တွေခန့်ထားပေးဖို့အတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းသားဘာသာသင်ရိုးနှင့်ပတ်သက်၍ သင်ထောက်ကူပစ္စည်းတွေကိုတော့ ထောက်ပံ့ပေးနိုင်ခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လိုအပ်သော တိုင်းရင်းသားဘာသာသင်ရိုးကျောင်းသုံးပုံနှိပ်စာအုပ်တွေကို တိုင်းဒေသကြီး/ပြည်နယ်များအလိုက် လိုအပ်ချက်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့က ပေါင်းစပ်ညှိနှိုင်းလာပါက အခြေခံပညာဦးစီးဌာနအနေနဲ့ အဆင့်ဆင့်စိစစ်ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနမှအတည်ပြု၍ ပုံနှိပ်၍ အခမဲ့ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ ။ မိုက်ပေးပါ။

ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးဖြေကြားပေးသွားတဲ့အချက်မှာ ခုနက ကျွန်တော်မေးမြန်းတဲ့အထဲမှာ အသေးစိတ်ဆောင်ရွက်ရမယ့်

လုပ်ငန်းစဉ်အဆင့်ဆင့်ပေါ့။ တင်ပြရမယ့်နည်းလမ်း၊ တောင်းဆိုရမယ့်ပုံစံစသည်ဖြင့် အသေးစိတ် သိလိုတဲ့အတွက်ကြောင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒီလိုမေးမြန်းရတဲ့အကြောင်းအရင်းက ဘာလဲဆိုတော့ ကျွန်တော် လူထုတွေ့ဆုံပွဲအခမ်းအနားမှာ သက်ဆိုင်ရာဌာနအကြီးအကဲများ အားလုံးလည်းတက်ပါတယ်။ အဲဒီမှာ ပြည်သူလူထုကတင်ပြမေးမြန်းတဲ့ သူတို့အတွက်ပုံနှိပ်စာအုပ် တွေလိုအပ်နေပါတယ်ဆိုတဲ့ကိစ္စမေးတဲ့အခါကျတော့ မြို့နယ်ပညာရေးမှူးကို ဒီကိစ္စဘယ်လို ဆောင်ရွက်ထားပါသလဲ၊ နှစ်အလိုက်ပုံနှိပ်စာအုပ်တွေရဖို့ ဘယ်လိုစီစဉ်ထားပါသလဲဆိုပြီးမေးတော့ သူမသိပါဘူးတဲ့။ ဒီကိစ္စ သူမလုပ်ပေးရဖူးပါဘူးလို့ ဒီလိုမျိုးဖြေတယ်။ အဲဒီတော့ ကျွန်တော်တို့က ကျေးရွာတွေမှာ တိုင်းရင်းသားဘာသာပုံနှိပ်စာအုပ်တွေ ရရှိဖို့အတွက် လောလောဆယ်မရသေးတဲ့ အကြောင်း ကျွန်တော်ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလိုမျိုးလိုအပ်ချက်ရှိလာရင် ခုနဝန်ကြီးပြောသွားတာကတော့ တိုင်းရင်းသား စာပေ၊ ယဉ်ကျေးမှုအဖွဲ့တွေကနေတစ်ဆင့် တင်ပြတောင်းခံလာရင် ဆောင်ရွက်ပေးမယ်ဆိုတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မြို့နယ်အလိုက် ဆောင်ရွက်ပေးရမယ့်တာဝန်ဖြစ်တဲ့ မြို့နယ် ပညာရေးမှူးတွေက ဒီကျောင်းအလိုက်တင်ပြမယ့် တိုင်းရင်းသားဘာသာစာပေးသင်ကြားရေး ဆရာဆရာမတွေရဲ့အရေအတွက်လည်း သိရှိပြီးဖြစ်ပါတယ်။ နောက် သင်ကြားမယ့်ကျောင်းသား ကျောင်းသူဦးရေလည်းသိပါတယ်။ အဲဒီတော့ ပုံနှိပ်ဘယ်လောက်ထိလိုတယ်ဆိုတာကို ပညာရေးမှူး တွေ သိပါလိမ့်မယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာမရသေးတဲ့ အချက်အလက်တွေဖြစ်ပေါ်နေတဲ့ အတွက်ကြောင့်မို့လို့ ဒီလိုမျိုး ခုနက ဝန်ကြီးပြောတာက ပုံနှိပ်စာအုပ်များကို ရိုက်နှိပ်ပုံနှိပ်ထုတ်ဝေ ပေးလျက်ရှိတယ်လို့သိရတဲ့အတွက် ဝမ်းသာပါတယ်။ သို့ပေမဲ့လည်း ကျွန်တော်တို့ ဒေသအထိ မရခဲ့သေးတဲ့အနေအထားအပေါ်မှာ ဝန်ကြီးအနေနဲ့ ပြန်လည်ရှင်းလင်းပေးစေလိုပါတယ်။ နောက် တကယ်လို့လိုအပ်လို့ အခြားဒေသတွေလည်းပဲ ဒီလိုမျိုးတင်ပြတောင်းဆိုမှုတွေလုပ်ရမယ်ဆိုရင် လုပ်ရမယ့်လမ်းညွှန်အသေးစိတ်အဆင့်ဆင့်ကို ကျွန်တော့်အနေဖြင့် ဝန်ကြီးအနေနဲ့ ပြုစုပေးနိုင် မလားဆိုတာပေ့ါနော်။ ကျွန်တော် အဲဒါလေးရပြီးပြီဆိုရင် သက်ဆိုင်ရာအဖွဲ့အစည်းတွေလည်း လိုအပ်ချက်ရှိရင် ဒီလိုတင်ပြတောင်းဆိုလို့ရပါတယ်ဆိုတာ ကျွန်တော် ဆက်လက်ရှင်းပြနိုင်ရန် အတွက်ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။ ။ လေးစားအပ် ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းမှာ မူလတန်းကျောင်းသား ကျောင်းသူတွေ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းကျောင်းသားကျောင်းသူတွေ တိုင်းရင်းသား

ဘာသာနဲ့စာပေတွေကို သင်ယူဖို့ဆိုလို့ရှိရင်တော့ သူ့ရဲ့သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွေက ပြုစုကြပါတယ်။ အဲဒီပြုစုတဲ့စာအုပ်တွေကို ကျွန်တော်တို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေကို သူတို့တင်ပြပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေက အတည်ပြုလို့ရှိရင် ဒီတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွေက သက်ဆိုင်ရာအဖွဲ့တွေက ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနကို ဆက်လက်ပေးပို့ပါတယ်။ ပညာရေးဝန်ကြီးဌာနကကျတော့ သင်ရိုးညွှန်းတမ်းတွေကို အတည်ပြုဖို့အခါကျတော့ ပညာရေးဝန်ကြီးဌာနမှာရှိတဲ့ မြန်မာနိုင်ငံတိုင်းရင်းသားတွေဘာသာစကားဦးစီးဌာနကနေ စိစစ်ပါတယ်။ စိစစ်ပြီးတဲ့အခါမှာ ကျွန်တော်တို့က အမျိုးသားပညာရေးမူဝါဒကော်မရှင်မှာရှိတဲ့ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီရဲ့ စိစစ်အတည်ပြုချက်ကို ရယူဆောင်ရွက်ရပါတယ်။ သူတို့က စိစစ်အတည်ပြုပြီးပြီဆိုလို့ရှိရင် ကျွန်တော်တို့ကို ပြန်လည်ပြီးတော့ပေးပို့ပါတယ်။ ပေးပို့တဲ့အခါမှာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုကော်မတီမှာ အတည်ပြုပြီးတော့မှ ကျွန်တော်တို့ အဲဒီသက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွေကို ကျွန်တော်တို့က ပြန်လည်ပြီးတော့မှ ဒီတိုင်းရင်းသားဘာသာစာပေပုံနှိပ်စာအုပ်တွေသည် အသုံးပြု၍ရပြီဆိုတာကို ကျွန်တော်တို့ပြန်လည်ဖြေကြားပါတယ်။ ပြန်လည်ဖြေကြားပြီးတဲ့အခါမှာ လိုအပ်တဲ့အရေအတွက်ကိုတော့ ကျွန်တော်တို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးတွေကနေပြီးတော့မှ ဘယ်လောက်အရေအတွက်ကို ပုံနှိပ်ဖို့ဆိုတာတင်ပြတဲ့ဟာတွေကို အခြေခံပညာဦးစီးဌာနကနေ သူ့ရဲ့လုပ်ထုံးလုပ်နည်းနဲ့အညီ တင်ဒါခေါ်တဲ့လုပ်ငန်းတွေ လုပ်ရပါတယ်။ ပုံနှိပ်တဲ့လုပ်ငန်းတွေကို အပ်တဲ့ဟာတွေလုပ်ရပါတယ်။ အဲဒါတွေလုပ်ရတာ၊ ဆောင်ရွက်ရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလုပ်ငန်းတွေကတော့ ဒီနေ့ချက်ချင်းပေးပို့ပြီးတော့၊ တင်ပြပြီးတော့နောက်တစ်နေ့ချက်ချင်းရတဲ့လုပ်ငန်းတွေမဟုတ်ကြောင်းတော့ ကျွန်တော်တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ လုပ်ထုံးလုပ်နည်းနဲ့ အချိန်ယူဆောင်ရွက်ရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီဟာကတော့ အတည်ပြုဆောင်ရွက်ပြီးတဲ့အခါကျမှဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီလုပ်ငန်းအတည်ပြုရတဲ့ကာလကလည်းပဲ ကြာရှည်တယ်။ ပုံနှိပ်လုပ်ငန်းလုပ်ဖို့အတွက် လုပ်ငန်းအပ်တဲ့လုပ်ငန်းတွေ၊ ပုံနှိပ်ပြီးတော့ ဖြန့်ဝေရတဲ့လုပ်ငန်းတွေကလည်း ကြာတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ဒီဟာတွေကို အခုပညာရေးဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေမှာ ကျွန်တော်တို့တစ်တွေရဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေဆောင်ရွက်နေတာတွေနဲ့ အခုလိုမျိုး ဒီအခြေခံပညာသင်ရိုးညွှန်းတမ်းအညွှန်းဘောင်နဲ့ ပတ်သက်တာတွေ၊ ပြီးရင် ခုနတုန်းက စီမံကိန်းလုပ်ငန်းတွေနဲ့ပတ်သက်တာတွေ၊ အခြေခံကျောင်းတွေမှာ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့အတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်တာတွေကို ကျွန်တော်တို့သွားတဲ့

05-11-2019(Record)

အခါမှာ ကျွန်တော်တို့ ဒါတွေကိုကျယ်ကျယ်ပြန့်ပြန့်ရှင်းလင်းဆောင်ရွက်သွားလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဆောင်ရွက်ရတဲ့လုပ်ငန်းကတော့ ကျွန်တော်တို့ အချိန်လေးယူပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်းကို ၁၉-၉-၂၀၁၉ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊အပိုဒ်ခွဲ၊အကြောင်းအရာတို့ကိုတိတိကျကျဖော်ပြ၍ ၇-၁၁-၂၀၁၉ ရက်နေ့ (ကြာသပတေးနေ့) ညနေ ၀၄:၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်းအသိပေးကြေညာပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်(ကြာသပတေးနေ့) နံနက် ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အတွက်အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

အချိန်၊ ၁၁:၃၀။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁:၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့

# (၅.၁၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Aye Maung Sein | U Thaung Aye




U Aye Maung Sein | U Kyaw Soe Linn




Dr Myo Thein Gyi | U Khin Maung Thein




Dr Myo Thein Gyi | U Aye Naing




Dr Myo Thein Gyi | U Myat Lay Oo




Dr Myo Thein Gyi | U Min Thein

pyithu.hluttaw.mm



Dr Myo Thein Gyi



U Sai Thiha Kyaw

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်